
တပ်သိမ်းမြေကိစ္စ ဆွေးနွေးရန် ရွာသားများကို ချိန်းဆိုထားသော်လည်း **တပ်မတော်တာဝန်ရှိသူများ ရောက်မလာခဲ့**

စာ .. ၁၆ သို့ »




စာ .. ၁၁ သို့ »

ဒေသခံတို့၏ လယ်များ ဝိုင်းရံထားသည့် ကုန်းမြေတွင် ကြံစိုက်ပျိုးနေမှုကို **ခူးလီတောင်သူများ အလိုမကျ**

စာ .. ၁၇ သို့ »


# မြစ်ကြီးနားသတင်း ဂျာနယ်®

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၆)၊ အမှတ် (၁၇) | "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" | ( ဇွန် ၃ ၊ ၂၀၁၉ )

EVERY MONDAY | www.myitkyinanewsjournal.com | http://www.facebook.com/myitkyinanewsjournal.mm | Youtube - myitkyinanewsjournal


# ၈ နှစ် ကြာပိတ်ထားပြီးနောက် ပြန်လည်ဖွင့်လှစ်မည့် နမ်ဆန်ယန်ကျောင်း

"ကိုယ့်ဒေသမှာ ကိုယ့်မြေမှာ ကျောင်းပြန်လာဖွင့်တော့ အရမ်းဝမ်းသာပါတယ်။ အိပ်ပြီးကျောင်းတက်ရတာ ကိုယ့် အိမ်မှာကိုယ် နေရတာ အရမ်းပျော်တယ်"

စာ .. ၂ သို့ »



www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
(ဇွန် ၃ ၊ ၂၀၁၉)

# ၈ နှစ် ကြာပိတ်ထားပြီးနောက်

# ပြန်လည်ဖွင့်လှစ်မည့် နမ်ဆန်ယန်ကျောင်း




မေ ၂၉

**ဝိုင်း**မော်မြို့နယ် နန်ဆန်ယန်ကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းကို စစ်ဘေးကြောင့် ရှစ်နှစ်ခန့်ပိတ်ထားရာမှ ယခုပညာသင်နှစ်မှစတင်ကာ ပြန်လည် ဖွင့်လှစ်သင်ကြားတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောင်းတွင် ကျောင်းအုပ်ကြီး၊ အလယ်တန်းပြ၊ မူလတန်းပြနှင့် ကျောင်းစာရေး စုစုပေါင်း ဆရာ ဆရာမ ၁၂ ဦး တာဝန်ချထားမည် ဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (စီမံ)ဦးသန်းထွန်းက ပြောသည်။

ကိုယ့် ရပ်ရွာတွင် ကျောင်း ဖွင့်လှစ်လိုက်သောကြောင့် ကလေးများ မိမိနန်ဆန်ယန်ဒေသကို ချစ်တတ်လာစေရန်၊ မိမိမြေကို တန်ဖိုးထားတတ်လာစေရန် ယခုကဲ့သို့ ကျောင်းလာအပ်နှံခြင်းဖြစ်ကြောင်း ဦးချန်ထင်တန်မှ ပြောသည်။

"အရင်ကဆို စစ်ရှောင်မှာပဲနေတော့ ကိုယ့်ဒေသကိုယ့်နေရာကို ကလေးတွေ မသိဘူး။ မချစ်တတ်ဘူး။ ဒါကြောင့် ကိုယ့်ဒေသကိုယ်နေလို့ရပြီ၊ ကျောင်းတွေ တက်လို့ရပြီ ဆိုတာနဲ့ ချက်ချင်း ကလေးကို ကျောင်းလာအပ်တာ"ဟု ဦးချန်ထင်တန်က ပြောသည်။

နန်ဆန်ယမ်ကျောင်းကို ဇွန်လ ၂ရက်နေ့မှစတင်ကာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောင်းကို မြစ်ကြီးနား ဝိုင်းမော်ရှိ စစ်ရှောင်စခန်းနှင့် လိုင်ဇာစစ်ရှောင်တွင် နေထိုင်ခဲ့သော နန်ဆန်ယမ် ဒေသခံပြည်သူများ တက်ရောက်မည်ဖြစ်သည်။

လက်ရှိအဆိုပါကျောင်းတွင် တက်ရောက်ရန်အတွက် ဂျေယန်၊ ဖုန်လွမ်ယန်၊ ဝေကြိုင် ကျေးရွာများမှ ကျောင်းသား ၁၀၀ ကျော်ခန့် ရောက်ရှိနေပြီဖြစ်ကာ နမ်ဆန်ယန်ရွာရှိ ရိုမန်ကက်သလစ် ဘုရားကျောင်းဝင်းတွင် စုဝေးနေထိုင်လျက်ရှိကြသည်။

ယခုကဲ့သို့ ကျောင်းဖွင့်ပေးသည့်အတွက် ကျောင်းသားမိဘများက အလွန်ဝမ်းသာကြောင်း နန်ဆန်ယန်ဒေသခံ ဒေါ်ဂျန်မာဒွဲမှပြောသည်။

"ကိုယ်ဒေသမှာ ကိုယ့်မြေမှာ ကျောင်းပြန်လာဖွင့်တော့ အရမ်းဝမ်းသာပါတယ်။ အိပ်ပြီးကျောင်းတက်ရတာ ကိုယ့် အိမ်မှာကို နေရတာ အရမ်းပျော်တယ်။ ပိုက်ဆံမရှိလည်း ကိုယ်ဒေသမှာ အခုလို ကိုယ့်အိမ်နဲ့ ကိုယ့်ခြံနဲ့နေရတာ အရမ်းဝမ်းသာတယ်။ အရမ်းငြိမ်သက်သလိုခံစားတယ် စိတ်ထဲမှာ" ဟု ဒေါ် ဂျမန်ဒွဲမှပြောသည်။

နန်ဆန်ယန် ဒေသခံများအတွက် လုံခြုံရေးအခြေအနေကို မြန်မာတပ်မတော်မှ စောင့်ရှောက်နေပြီး မိုင်းရှင်းလင်းရေးများလည်း အဆက်မပြတ် ပြုလုပ်နေကြောင်း သိရသည်။ ■

Ah Je





## နေရပ်ပြန် ကျောင်းသူ/သားများအတွက် ဖွင့်လှစ်မည့်

# ဘော်ဒါဆောင် အကူအညီလိုအပ်




မတ်၂၇

**ဝိုင်း** မော်မြို့နယ်၊ နန်ဆန်ယန်ကျေးရွာရှိ စိန့်ပေါလ်ကက်သလစ် ဘုရားကျောင်းတွင် နေရပ်ပြန် ကျောင်းသူ/သားများ နေထိုင်ရန် ဖွင့်လှစ်မည့် ဘော်ဒါဆောင် ဆောက်လုပ်ရန်အတွက် အထောက်အပံ့များ လိုအပ်နေသေးကြောင်း သိရသည်။

အဆိုပါ ဘော်ဒါဆောင်တွင် ကျောင်းသူ/သားများကို စတင်လက်ခံနေပြီ ဖြစ်သော်လည်း ၎င်းတို့နေထိုင်ရန် အဆောင်မရှိသေးသောကြောင့် ယာယီအနေဖြင့် ဘုရားကျောင်းနှင့် ဂိုဒေါင်များတွင် နေရာချပေးထားကြောင်း ကက်သလစ်ဘုန်းတော်ကြီး Joseph Gawlu Yung Wa ထံမှသိရသည်။

လက်ရှိချိန်၌ လာရောက်အပ်နှံသည့် ကျောင်းသူ/သားဦးရေမှာ (၈၀)ဝန်းကျင်ခန့် ရှိနေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့နေထိုင်ရန် အဆောင်အတွက် ပြည်သူများအနေဖြင့် ဝိုင်းဝန်းကူညီစေလိုကြောင်း Father Gawlu Yung Wa က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“ငွေကြေးပဲ မဟုတ်ဘဲနဲ့ ဘိလပ်တို့၊ သံတို့ပေါ့။ ကိုယ်တတ်နိုင်တဲ့ အားနဲ့ကူညီစေချင်ပါတယ်”ဟု Fatheru ပြောသည်။ ထို့အပြင် ဘော်ဒါနေ ကျောင်းသူ/သားများ၏ စိတ်ကိုနားလည်၍ ထိန်းကျောင်းပေးနိုင်သည့် ဆရာ/မ များလည်း လိုအပ်ကြောင်းနှင့် ဘော်ဒါသူ/သားများ စားသုံးရန်အတွက် ဆန်၊ဆီ၊ဆားအစရှိသည်တို့ကိုလည်း လှူဒါန်းနိုင်ကြောင်း သိရသည်။

အဆောင် ဆောက်လုပ်ရာတွင် ယောကျ်ားလေးဆောင်၊ မိန်းကလေးဆောင်အပြင် စာကြည့်ခန်း အစရှိသည်တို့ ပါဝင်အောင် ဆောက်လုပ်ချင်ကြောင်း သိရသည်။ လက်ရှိတွင် အဆောက်လုပ်ရန် ရန်ပုံငွေသိန်း၁၀၀ ကျပ်ဝန်းကျင်ရှိနေပြီဖြစ်ပြီး ယင်းဘော်ဒါဆောင် ဆောက်လုပ်ရန် ကုန်ကျစရိတ် စုစုပေါင်းသိန်း ၅၀၀ ကျပ်ဝန်းကျင် ခန့်မှန်းထားကြောင်း သိရသည်။ ■

Ah Je/Benadeth




မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဖားကန့် ⇄ မိုးညှင်း ⇄ ရန်ကုန်
မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀
မြစ်ကြီးနားမှ ညနေ ၃:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀
နေ့စဉ်ပုံမှန် ၂ ကြိမ် ပြေးဆွဲပေးနေပါသည်
မြစ်ကြီးနားမြို့လွှမ်း ခရီးသည်ကြိုပို့နှင့် ကုန်စည်ပို့ဆောင်ခြင်း ဝန်ဆောင်မှုပေးနေပါသည်
ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ဖျားဈေး အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့
မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဖားကန့် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493
လက်မှတ်အရောင်းခွဲနှင့် ကုန်စည်လက်ခံဌာန
အမှတ် (၈၇)၊ မင်းရပ်ရပ်ကွက်၊ ဘူတာကြီးရှေ့ မြစ်ကြီးနား
Ph: 09-404895206, 09-404895207
VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။

**မြစ်ကြီးနားသတင်းဂျာနယ်**

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
အောင်မျိုးဦး

**စာပြင်**
ဝေဝေ

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)
မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)
ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝေဝေ

**Website Design**
La Tawng,

**Graphic Design, သတင်းစာဒီဇိုင်း**
La Tawng, Seng Lawt Awng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**ငွေကိုင် ၊ စာရင်းကိုင်**
နန်အောင် ၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဆွတ်ရိန်နော်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**

အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# လုံးခင်း၊ ဖားကန့် ရတနာနယ်မြေအတွင်း ခေါင်းမိုးမြေဇာဖယ်ရှားခြင်းနှင့် မြေဇာပစ်လမ်းဖောက်လုပ်ခြင်းမှ ထွက်ရှိသော နိုင်ငံပိုင် ကျောက်စိမ်းရိုင်းများ စာရင်း

| စဉ် | လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီအမည် | ဆောင်ရွက်သည့် လုပ်ကွက်/နေရာ | အရေအတွက် | အလေးချိန် (ကီလို) | သက်တမ်း ကုန်ဆုံးသည့်ရက် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ရတနာရွှေရည်ဝင်း မက်လင်ချောင် (၁၀၈) (၁၀၉) | မက်လင်ချောင်-၂ | ၄၇၅ | ၅၆၆၃. ၀ | ၁၉. ၅. ၂၀၁၉ | လျောကျမြေစာမှ ရရှိသည့်ကျောက်စိမ်းရိုင်းများ (၂၂. ၂. ၂၀၁၉)ရက် နေပြည်တော်သို့ပို့ဆောင်ပြီးနောက် ကျန်ရှိသည့်စာရင်း |
| ၂ | ရတနာရွှေရည်ဝင်း မက်လင်ချောင် (၁၀၈) (၁၀၉) အဲဟားဝင်းနားမက်လင်ချောင် (၁၀၇)(၁၈၄)(၁၈၃) လင်းလက်ဝင်း မက်လင်ချောင် (၁၄၁) မှ (၁၄၄)ထိ | မက်လင်ချောင်-၂ | ၆၇၆ | ၂၀၀၁၃. ၀၀ | ၁၉. ၅. ၂၀၁၉ | ခေါင်းမိုးမြေ + မြေစာ |
| ၃ | သိမ့်ဝင်းထက် မမုံ-အကျိုးတူ (၆) | မမုံအကျိုးတူ-၂ | ၂၂၂၆ | ၅၂၄၈၈. ၀၀ | ၁၉. ၅. ၂၀၁၉ | ခေါင်းမိုးမြေ + မြေစာ |
| ၄ | ဝမ်ဘရားသားစ် ငိုးပင်းအကျိုးတူ (၇) | ငိုးပင်း အကျိုးတူ၄(A+B) | ၂၃၇၅ | ၂၄၀၅၀. ၀၀ | ၂၀. ၅. ၂၀၁၉ | ခေါင်းမိုးမြေ + မြေစာ |
| ၅ | ရွှေနဂါးကိုးကောင် မော်ဝမ်းလေး-၇၉ | မော်ဝမ်းလေး-၂၄၆ | ၃၇ | ၁၃၇. ၀၀ | ၂၀. ၄. ၂၀၁၉ | ခေါင်းမိုးမြေ + မြေစာ |
| ၆ | ရွှေရွက်လှာ မန-၆၃ ရတနာအောင်ထွန်းတောက် မန-၁၂ | မနအကျိုးတူ-၁ | ၄၁၅ | ၁၇၀၉၀. ၀၀ | ၁၉. ၆. ၂၀၁၉ | ခေါင်းမိုးမြေ |
| ၇ | အနော်ရထာ သ/မ မန-၆၂ ၊ ၂၅၀ | မနအကျိုးတူ-၁ | ၁၆၈ | ၄၇၁၅. ၀၀ | ၁၉. ၄. ၂၀၁၉ | ခေါင်းမိုးမြေ |
| ၈ | မြစ်ဆုံဧရာ ဖားပြင်- ၁၂၂ မှ၁၂၃ ရတနာရွှေရည်ဝင်း ဖားပြင်- ၁၂၄ မှ ၁၂၆ ရတနာဆင်သီရိ ဖားပြင် - ၁၅၄ | မမုံအကျိုးတူ - ၃ | ၁၅၁၉ | ၃၀၄၇၇. ၀၀ | ၁၉. ၅. ၂၀၁၉ | ခေါင်းမိုးမြေ |
| ၉ | ရတနာရွှေအိတ် ဝါကျဲအကျိုးတူ - ၉ | ဝါကျဲအကျိုးတူ-၁ | ၁၂၂ | ၇၄၇၅. ၀၀ | ၂၂. ၅. ၂၀၁၉ | မြေစာပစ် |
| ၁၀ | ရတနာရွှေအိတ် ဝါကျဲအကျိုးတူ - ၉ | ဝါကျဲအကျိုးတူ-၃ | ၃၈၄ | ၁၃၁၉၉. ၀၀ | ၂၂. ၅. ၂၀၁၉ | မြေစာပစ် |
| ၁၁ | ရတနာရွှေအိတ် ဝါကျဲအကျိုးတူ - ၉ | ဝါကျဲ-၁၆ | ၁၄၅ | ၁၈၀၅၀. ၀၀ | ၂၂. ၅. ၂၀၁၉ | မြေစာပစ် |
| ၁၂ | ရတနာရွှေအိတ် ဝါကျဲအကျိုးတူ - ၉ | ဝါကျဲ-၁၇ | ၁၉၂ | ၁၂၇၄၅. ၀၀ | ၂၂. ၅. ၂၀၁၉ | မြေစာပစ် |
| ၁၃ | ရတနာရွှေအိတ် ဝါကျဲအကျိုးတူ - ၉ | ဝါကျဲ-၁၉ | ၂၈၅ | ၂၀၄၁၀. ၀၀ | ၂၂. ၅. ၂၀၁၉ | မြေစာပစ် |
| ၁၄ | မြစ်ဆုံဧရာ ငိုးပင်းအကျိုးတူ -၁၁ | ငိုးပင်းအကျိုးတူ-၄ (A) | ၅၅၀ | ၆၁၆၅. ၀၀ | ၁၉. ၄. ၂၀၁၉ | ခေါင်းမိုးမြေ |
| ၁၅ | ကျောက်စိမ်းသဇင် ရှရော်ခ- ၃၅၅ ၊ ၃၅၆ | ရှရော်ခ - ၂၅၂ | ၃၅ | ၂၆၇. ၀၀ | ၈. ၄. ၂၀၁၉ | ခေါင်းမိုးမြေ |
| ၁၆ | ရတနာကြယ်ငါးပွင့် မော်ဝမ်းလေး -၁၂၉ | မော်ဝမ်းလေး-၂၄၆ | ၈၄ | ၉၁. ၀၀ | ၂၀. ၄. ၂၀၁၉ | ခေါင်းမိုးမြေ |
| ၁၇ | ကျောက်မျက်မြို့တော် ငိုးပင်း ၁၇၆ မှ ၁၈၄ထိ | ငိုးပင်းအကျိုးတူ (၈) နှင့် ငိုးပင်း (၁၈၄)ကြား | ၈၃၅ | ၃၂၂၁၉. ၀၀ | ၂၁. ၇. ၂၀၁၉ | မြေစာပစ် |
| ၁၈ | ရတနာလင်း ငိုးပင်းအကျိုးတူ - ၁၀ | ငိုးပင်း - ၁၆၁ | ၂၇၈ | ၁၃၈၇. ၀၀ | ၁၂. ၆. ၂၀၁၉ | မြေစာပစ် |
| ၁၉ | မြန်မာစိမ်းလဲ့အောင် မော်စီစာ - ၂၃၀ မှ ၂၃၆ထိ | မလောင်-၃ | ၁၅၉၀ | ၄၁၆၈၄. ၀၀ | ၂၂. ၅. ၂၀၁၉ | ခေါင်းမိုးမြေ |
| | စုစုပေါင်း | | ၁၂၃၉၁ | ၃၀၈၃၂၅. ၀၀ | | |

# သစ်တောမြေများပေါ်တွင် ကျူးကျော်စိုက်ပျိုးမှုများကို မစိုက်ပျိုးမီ ကြိုတင်တားဆီးရန် ပြည်နယ်အစိုးရလမ်းညွှန်

မေ ၃၁

**သစ်**တောကြိုးဝိုင်းများအတွင်း အခြားသီးနှံများ ကျူးကျော်စိုက်ပျိုးပါက မစိုက်ပျိုးမီ ကြပ်မတ်တားဆီးသင့်ကြောင်း ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က မှာကြားခဲ့ကြောင်း သိရသည်။

သစ်တောနယ်မြေများတွင် ဝင်ရောက်စိုက်ပျိုးလုပ်ကိုင်ခြင်းများကို ထပ်မံတွေ့ရှိပါက သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး အများပြည်သူအနေဖြင့်လည်း ပူးပေါင်းပါဝင်ရန် အထူးလိုအပ်ကြောင်း သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းက ပြောသည်။

"သစ်တောမြေတွေမှာ ကျူးကျော်နေတာတွေကို ဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်ထားတာတော့ ရှိပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောရလို့ရှိရင် သက်ဆိုင်ရာ အုပ်ချုပ်ရေးနဲ့ အစိုးရအဖွဲ့နဲ့ တွေ့တဲ့အချိန် ဝန်ကြီးချုပ်က သစ်တောမြေမှာ ကျူးဖို့ ကြံနေတဲ့အချိန်မှာ အရေးယူသင့်ကြောင်းပေါ့။ သူများ ဆောင်ရွက်ထားပြီးမှ သွားပြီးအရေးယူတာတို့ ပြစ်မှုပြစ်ဒဏ် သွားလုပ်တာတို့ မသင့်တော်ဘူးလို့ ပြောခဲ့တာတွေရှိပါတယ်"ဟု ဝန်ကြီးက ပြောသည်။

လွန်ခဲ့သည့် မေလ ၂၅ ရက်နေ့က ဝိုင်းမော်မြို့နယ်အတွင်းရှိသစ်တောကြိုးဝိုင်းအတွင်း တရုတ်တစ်သျှူးငှက်ပျော တိုးချဲ့စိုက်ပျိုးနေသည့် အထောက်အထားမဲ့ တရုတ်နိုင်ငံသား ၄ ဦးကို သက်ဆိုင်ရာမှ ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ခဲ့သည်။

"သူတို့အနေနဲ့သစ်တောကို စပြီးတော့ ကျူးတော့မယ့်အချိန်မှာ အချိန်မီတားလိုက်နိုင်တယ်။ အခုလည်းနောက်ထပ်သစ်တောမြေမှာ မကျရောက်အောင် ဆောင်ရွက်နေပါတယ်။ သစ်တောက အပိုင်တော့မပေးဘူး။ တခြားနည်းသုံးချင်တယ်ဆိုရင် ပြည်ထောင်စုမှာ ညှိနှိုင်းပြီးလို့ လုပ်ကိုင်ခွင့်ပေးခဲ့တယ်ဆိုရင် ကချင်ပြည်နယ် အစိုးရအဖွဲ့က ကွင်းဆင်းတိုင်းတာပြီးတော့ သတ်မှတ်ပေးတာပေါ့" ဟု ဝန်ကြီးမှ ပြောသည်။

ဝိုင်းမော်မြို့နယ်နှင့် ဗန်းမော်မြို့နယ်အတွင်းရှိ သစ်တောကြိုးဝိုင်းများတွင် တရုတ်တစ်သျှူးငှက်ပျောများ အများ အပြားစိုက်ပျိုးလျက်ရှိနေကြောင်း သိရပြီး တစ်သျှူးငှက်ပျော စိုက်ပျိုးခြင်းသည်တရားဝင်မဟုတ်သော်လည်း နိုင်ငံတော် အခွန်အခများနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိနေကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က မတ်လ ၃ ရက်နေ့က မိုးညှင်းမြို့တွင် ပြုလုပ်သည့် လူထုတွေ့ဆုံပွဲတွင် ပြောကြားထားသည်။ ■

စည်သူ(မြစ်ကြီးနား)၊အဂျယ်

# မေတ္တာရှေ့ထား လူငယ်လေးတစ်ဦးနှင့် တရုတ်နိုင်ငံ လုံချွန်း ပြည်သူ့ရဲတပ်ဖွဲ့နှင့်အတူ ဇရာမ စပါးကြီးမြွေကြီးအား ကယ်ဆယ်



သတင်းစဉ်

**မေ**တ္တာရှေ့ထားလူငယ်လေးတစ်ဦးနှင့် တရုတ်နိုင်ငံ လုံချွန်း ပြည်သူ့ရဲတပ်ဖွဲ့အတူ ၁၀၀ ကျင်း နီးပါးရှိသော နိုင်ငံတော်ပထမအဆင့် ကာကွယ်စောင့်ရှောက်ရေး တောရိုင်းတိရိစ္ဆာန် ဇရာမ မြန်မာ စပါးကြီးမြွေကြီးကို မေ ၉ ရက် က ကယ်ဆယ်ခဲ့ကြောင်း သိရသည်။ လက်ရှိ ယင်းစပါးကြီး မြွေကြီးကို ပြည်နယ်ခွဲ တောရိုင်းတိရိစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ကူညီကယ်ဆယ်ရေးစင်တာတွင် ယာယီထားရှိကြောင်း သိရသည်။

ထိုနေ့ နံနက်ပိုင်းတွင် ရွှေလီမြို့ နှုန်တောင်မြို့နယ် လူငယ်လေးတစ်ဦးဖြစ်သည့် ရှောင်မာသည် တရုတ်-မြန်မာ နယ်စပ်တွင် စပါးကြီးမြွေ ရောင်းချနေသည်ဟု ကြားသိရသောကြောင့် သွားရောက် ကြည့်ရှုခဲ့ကြောင်း၊ ပထမဆုံး အလွန်ကြီးမားလှသည့် စပါးကြီးမြွေကို တွေ့ရသောကြောင့် ထိတ်လန့်တုန်လှုပ်ခဲ့ရကြောင်း၊ အဆိုပါ မြွေကြီးသည် နိုင်ငံတော်မှ ကာကွယ်ထိန်းသိမ်းသည့် တောရိုင်းတိရိစ္ဆာန် ဖြစ်နိုင်သည်ဟု ကနဦး ခန့်မှန်းရကာ အခြားသူများဝယ်ယူသွားပြီးသတ်ဖြတ်မည်ကို စိုးရိမ်သဖြင့် ဝယ်ပြီး လုံချွန်းပြည်သူ့လုံခြုံရေးဌာနကို အကြောင်းကြားခဲ့ကြောင်း သိရသည်။ ထို့နောက် ပြည်သူ့လုံခြုံရေး ဌာနမှ လုံချွန်းခရိုင် သဘာဝအရင်းအမြစ်ဆိုင်ရာ လုံခြုံရေးဌာနကို ဆက်သွယ်ကာ စပါးကြီးမြွေကြီးကို လွှဲပြောင်းပေးခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် ပြည်နယ်ခွဲ တောရိုင်းတိရိစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ကူညီကယ်ဆယ်ရေးစင်တာမှ တာဝန်ရှိဝန်ထမ်းများကလည်း လုံချွန်းသို့ သွားရောက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်ခွဲ တောရိုင်းတိရိစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ကူညီကယ်ဆယ်ရေးစင်တာမှ တာဝန်ရှိဝန်ထမ်းများ၏ စစ်ဆေးချက်အရ အဆိုပါ စပါးကြီးမြွေကြီးသည် ၄.၅ မီတာရှည်ပြီး အလေးချိန်အားဖြင့် ၉၃ ကျင်းရှိရာ နိုင်ငံတော် ပထမအဆင့် ကာကွယ်စောင့်ရှောက်ရေး တောရိုင်းတိရိစ္ဆာန်မျိုး ဖြစ်ကြောင်း သိရသည်။ စပါးကြီးမြွေကြီးမှာ ပြင်ပဒဏ်ရာ အနည်းငယ်ရရှိထားပြီး အစာမြိုထားသည်မှာ မကြာသေးသောကြောင့် အစာကြေရန် ၅ ရက်မှ ၇ ရက် အထိ အချိန်လိုအပ်ကြောင်း သိရသည်။

စပါးကြီးမြွေကြီး အစာကြေပြီး ဒဏ်ရာကောင်းမွန်သွားပါက သင့်တော်သည့်နေရာတွင် ဥပဒေအရ ဘေးမဲ့ လွှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ ■

သတင်းအရင်းအမြစ်- လုံချွန်း သဘာဝအရင်းအမြစ်ဆိုင်ရာ လုံခြုံရေးဌာန

## အယ်ဒီတာ့အာဘော် Editorial

### လူမျိုးစုပေါင်းစုံနေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံအတွက် သင့်တော်မယ့်စနစ် ဖြစ်နိုင်ရဲ့လား

၁၉၇၀ ခုနှစ်ဝန်းကျင်ကစလို့ ဒီမိုကရေစီစနစ်ဆိုတဲ့ တတိယလှိုင်းလုံး ကမ္ဘာအနှံ့ ပုတ်ခတ်ခဲ့ပြီး ၁၉၉၀ ခုနှစ် အစောပိုင်းကာလတွေမှာ အောင်မြင်မှုရရှိလာပြီး နိုင်ငံအတော်များများမှာ ဒီမိုကရေစီအစိုးရတွေ ပေါ်ပေါက်လာတာ တွေ့ရပါတယ်။

အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ဒီမိုကရေစီအစိုးရတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ ဒီ ဒီမိုကရေစီ စနစ်ကြောင့် မတူကွဲပြားမှုများစွာ၊ ပဋိပက္ခများစွာနဲ့ ရင်ဆိုင်နေကြရတဲ့ လူ့အဖွဲ့အစည်းတွေကြားမှာ လုံခြုံတည်ငြိမ်ပြီး ခိုင်ခံ့တဲ့ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုနဲ့ တည်ဆောက်မှုတွေ ဖြစ်တည်လာတာပါ။

မှန်ကန်ကောင်းမွန်တဲ့ ဒီမိုကရေစီစနစ်တစ်ခုဟာ အကြမ်းဖက်မှုတွေ၊ ပဋိပက္ခတွေကို ဖြေရှင်းရာမှာ တာရှည်ခိုင်ခံ့တဲ့ အဖြေကို ထုတ်ပေးနိုင်တဲ့ ဒေါက်တိုင်ဆိုပြီး ကမ္ဘာနဲ့အဝန်း လက်ခံထားကြတာပါ။

နောက်ပြီး ဒီမိုကရေစီစနစ်ဟာ လူ့အဖွဲ့အစည်းတွင်းမှာဖြစ်နေတဲ့ ပဋိပက္ခတွေကို ရှာဖွေဖော်ထုတ်တင်ပြခွင့် ပေးထားပါတယ်။ ဒီ ဒီမိုကရေစီစနစ်က ပဋိပက္ခတွေကို ဖိနှိပ်တာတွေ၊ လစ်လျူရှုတာတွေမလုပ်ဘဲ ခိုင်မာတဲ့ နည်းလမ်းတွေနဲ့ အဖြေရှာ ဒါမှမဟုတ် နိုင်ငံရေးပါတီတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကတစ်ဆင့် ပဋိပက္ခတွေကို ဖော်ထုတ်ပြီး ကိုင်တွယ်စီမံလို့ ဖြေရှင်းဖို့ ကြိုးစားနိုင်တာ တွေ့ရပါတယ်။

သို့သော် ဒီမိုကရေစီစနစ်ဟာ ပဋိပက္ခတွေကို အပြီးပြတ်ဖြေရှင်းပေးနိုင်တဲ့စနစ် မဟုတ်ဘဲ ယာယီပြေလည်အောင်သာ ရှင်းပေးနိုင်ပြီး ဒီ ပဋိပက္ခတွေဟာ တစ်ကွေ့မဟုတ်တစ်ကွေ့ ပြန်ပေါ်လာတတ်တာကိုလည်း တွေ့ရပါတယ်။

အကောင်းဆုံးဥပမာပြရရင် ရွေးကောက်ပွဲ ဖြစ်စဉ်တွေပါ။ ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီ တစ်ဖွဲ့ဖွဲ့ သို့မဟုတ် တစ်သီးပုဂ္ဂလက အနိုင်ရကောင်းရနိုင်ပါတယ်။ ဒါမှမဟုတ် ရှုံးကောင်း ရှုံးနိုင်ပါတယ်။ ဒါပေမယ့် ရှုံးသွားတဲ့အဖွဲ့က နောက်တစ်ကြိမ် ရွေးကောက်ပွဲမှာ ပြန်နိုင် နိုင်သလို၊ နိုင်သွားတဲ့ အဖွဲ့ကလည်း ပြန်ရှုံးသွားနိုင်တာဖြစ်လို့ သူ့ရဲ့အောင်မြင်မှုဟာ ယာယီသာ ဖြစ်ကြောင်းကို သဘောပေါက်စေပါတယ်။

အမြစ်တွယ်နေတဲ့ ပဋိပက္ခတွေကို ပျော့ပြောင်းစွာနဲ့ ကိုင်တွယ်ဖြေရှင်းပေးပြီး ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးနိုင်တာ ဒီမိုကရေစီစနစ်ပဲဆိုတာကို နိုင်ငံရေးပညာရှင်တွေက လက်ခံထားကြတာပါ။

နိုင်ငံတစ်နိုင်ငံနဲ့ သူ့ရဲ့ လူ့အဖွဲ့အစည်းပေါ် မူတည်ပြီး ကွဲပြားတဲ့ စနစ်တွေကို ကျင့်သုံးကြပါတယ်။ လူမျိုးပေါင်းစုံစုပေါင်းနေထိုင်တဲ့ နိုင်ငံအတွက် ဖက်ဒရယ်စနစ်ဟာ ကောင်းမွန်ပေမယ့် လူမျိုးစုနည်းတဲ့ နိုင်ငံငယ်တွေအတွက်တော့ မသင့်တော်လှပါဘူး။

ဒါ့ကြောင့်လည်း မတူကွဲပြားမှုတွေနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံကြီးတွေဖြစ်တဲ့ ကနေဒါ၊ အိန္ဒိယ၊ ဩစတေးလျနဲ့ အမေရိကန်နိုင်ငံတွေက ဖယ်ဒရယ်စနစ်ကို ကျင့်သုံးနေတာ တွေ့ရမှာပါ။

ဖယ်ဒရယ်စနစ်ဟာ အာဏာကို ဒေသအသီးသီးဆီ အညီအမျှခွဲထားပေးပြီး၊ ဗဟိုအစိုးရနဲ့ ဆက်ဆံ စီမံခန့်ခွဲရာမှာလည်း ထပ်တူပုံစံဖြစ်နေလို့ အကောင်းဆုံးစနစ်လို့ ဆိုကြပါတယ်။

ဒုတိယကမ္ဘာစစ်ပြီး လူမျိုးစုရေးရာပြဿနာတွေ ဖြေရှင်းဖို့ အိန္ဒိယ၊ မလေးရှားနဲ့ နိုင်ဂျေးရီးယား နိုင်ငံတွေမှာ ဖယ်ဒရယ်စနစ်ကို မကြာခဏဆိုသလို အကောင်ထည်ဖော်လို့ ကျင့်သုံးခဲ့တာ တွေ့ရပါတယ်။ နောက်ပြီး အသားရောင်ခွဲခြားမှုပြဿနာ အဆုံးသတ်ရေးအတွက် တောင်အာဖရိကရဲ့ ဆွေးနွေးပွဲကာလတွေမှာလည်း ကျင့်သုံးခဲ့ပါသေးတယ်။

ဒါ့အပြင် ဆွီဇာလန်နဲ့ ကနေဒါနိုင်ငံတွေမှာလည်း ကွဲပြားနေတဲ့ လူမှုအသိုင်းအဝန်းတွေ အချင်းချင်းသင့်မြတ်အောင် နေရာချနိုင်ဖို့အတွက် ဖက်ဒရယ်စနစ်ကို ကျင့်သုံးခဲ့တာ တွေ့ရပြန်ပါတယ်။ ဒါ့ကြောင့်လည်း တိုင်းရင်းသားပေါင်းစုံနေထိုင်နေတဲ့ ကျွန်တော်တို့နိုင်ငံအတွက် ဖယ်ဒရယ်စနစ်ဟာ အသင့်တော်ဆုံးလို့ အားလုံးသဘောတူလက်ခံပြီး ကျင့်သုံးဖို့ ဆွေးနွေးတိုင်ပင်လာကြတာဟာ ကောင်းမွန်တဲ့ အချက်လို့ မြစ်ကြီးနားသတင်းဂျာနယ်က ဆိုချင်ပါတယ်။

# တရားမဝင်ကျောက်စိမ်းတူးဖော်မှုများကို ပြည်ထောင်စုအစိုးရခွင့်ပြုလျှင် အရေးယူသွားမည်ဟုဆို

မေ ၃၁

**ဖား**ကန့်ဒေသတွင် တရားမဝင် ကျောက်စိမ်းတူးဖော်နေမှုများကို ပြည်ထောင်စုအစိုးရထံ တင်ပြပြီး အရေးယူသွားမည် ဖြစ်ကြောင်း ပြည်နယ်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းက ပြောကြားသည်။

လက်ရှိ တရားမဝင်တူးဖော်နေမှုများကို ကြားသိပါက ထိန်းချုပ်တားမြစ်ရေးအတွက် ကျောက်စိမ်းရုံး (လုံးခင်း)သို့ ဖုန်းဖြင့် ဆက်သွယ်ပြောဆိုထားကြောင်းသိရပြီး နောက်မှ စာထုတ်ပြန်၍ တားမြစ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ် အခြေစိုက် သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ် ဝန်ကြီးက ပြောခဲ့ခြင်းဖြစ်သည်။

"ကျောက်စိမ်းရုံးက အကြီးအကဲတွေကို ဖုန်းနဲ့ကတော့ အကျိုးအကြောင်းကြားတယ်။ တရားဝင်စာနဲ့ထုတ်ပြီးမှ အရေးယူဖို့တော့ စာ မထုတ်သေးဘူးပေါ့။ ဘယ်နေရာမှာတော့ ပြည်သူတွေက ဒီလိုပြောနေပြီ။ အထင်အမြင်လည်း မှားနေပြီ။ အဲဒီလိုတော့ ဖုန်းနဲ့ လှမ်းပြောတာရှိတယ်"ဟု ဝန်ကြီးမှ ရှင်းပြသည်။

ယင်းသို့ သက်တမ်းကုန် လုပ်ကွက်များအတွင်း တရားမဝင် တူးဖော်နေသည်မှာ ဘာသာရေးခေါင်းဆောင်များ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ အချို့သော ရိုးရာယဉ်ကျေးမှု အမည်ခံ အဖွဲ့အစည်းများ၊ ငွေရေးကြေးရေး ပြည့်စုံသူများက ပူးပေါင်းလုပ်ဆောင်နေသည်ကို တွေ့ရှိရသည်ဟုလည်း ဆိုသည်။

"အချို့တွေကလည်း ကုမ္ပဏီအမည်ခံပြီး လုပ်နေတာ ရှိတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ကောင်ဆန်တို့ စပေါ့တို့ ဘက်မှာဆိုရင် ရွှေအင်းဝနဲ့ ရတနာစိန်လုံတောင်တန်းတို့က သူတို့အမည်ခံပြီးတော့မှ ယန္တရားတွေနဲ့ ကူပြီးမှလုပ်နေတာတွေလည်း ရှိတယ်ပေါ့နော်။ ဒီကိစ္စကိုလည်း ဖုန်းနဲ့အကြောင်းကြားထားပြီးသားဖြစ်ပါတယ်။ လက်ရှိအချိန်ထိတော့ အရေးယူထားတာ မရှိသေးဘူး"ဟုလည်း ဝန်ကြီးမှ အတည်ပြုပြောကြားသည်။

ယင်းအပြင် ကျောက်မျက်တူးဖော်ရေးကဏ္ဍသည် ဗဟိုအစိုးရမှ တိုက်ရိုက်ထိန်းချုပ်သည့် ကဏ္ဍတစ်ခုဖြစ်သဖြင့် ပြည်နယ်အစိုးရအနေဖြင့် မည်သည့်လုပ်ပိုင်ခွင့်မျှမရှိကြောင်း၊ စောင့်ကြည့်တည့်မတ်သည့် အဆင့်သာ လုပ်ပိုင်ခွင့်ရကြောင်းလည်း ဝန်ကြီးက ပြောသည်။

ဖားကန့် ကျောက်စိမ်းတွင်းဒေသအတွင်း ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီပေါင်း ၃၀၀ ခန့်ရှိပြီး လုပ်ကွက်ပေါင်း ၄၀၀၀ ကျော်ရှိကြောင်း သိရသည်။ ■

စည်သူ(မြစ်ကြီးနား)

# စစ်အစိုးရလက်ထက်က တည်ဆောက်ရန် လျာထားခဲ့သည့် ခရိုင် စုပေါင်းရုံးကို စတင်တည်ဆောက်



မေ ၂၉

**မိုး**ညှင်းခရိုင်တွင် ဌာနပေါင်းစုံ စုပေါင်းရုံးကို မေလ ၂၈ ရက်နေ့မှ စတင်တည်ဆောက်နေပြီဖြစ်ကြောင်း မိုးညှင်းခရိုင် ထွေအုပ်ရုံးမှ သိရသည်။

အဆိုပါ ဌာနပေါင်းစုံ စုပေါင်းရုံး တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ နဝတအစိုးရလက်ထက်တွင် မြေနေရာ ရွေးချယ်သတ်မှတ်ခဲ့သော်လည်း တည်ဆောက်ရန် လျာထားချက် တစ်ခုအနေဖြင့်သာ ရှိခဲ့ပြီး ယခုအစိုးရသစ်လက်ထက်မှသာ အကောင်အထည်ဖော် တည်ဆောက်နိုင်ခြင်း ဖြစ်သည်။

"ဦးခင်ညွန့် ကြီးစိုးတဲ့ လက်ထက်က မိုးညှင်းဒီဂရီကျောင်းမြေနေရာကို ရှာဖွေစဉ်ကလည်း ရုံးပေါင်းစုံမြေနေရာကို အခု အောင်သပြေ(၂)ဈေး နေရာမှာပြုလုပ်ဖို့ လျာထားတင်ပြခဲ့ကြသေးတယ်။ နောက်တော့ ဆက်မလုပ်ဖြစ်ဘဲ မိုးညှင်းဒီဂရီကောလိပ်ကျောင်းနဲ့ နည်းပညာကောလိပ်ကျောင်းတွေပဲ ပေါ်လာခဲ့တယ်။ အခုအစိုးရသစ်လက်ထက်ရောက်မှ လိုအပ်နေတဲ့ စုပေါင်းရုံးကို တည်ဆောက်တော့ ပိုပြီးပြည့်စုံသွားပါတယ်"ဟု အသက် ၅၀ အရွယ် ဒေသခံတစ်ဦးက ပြောသည်။

ထိုရုံး ဆောက်လုပ်ပြီးစီးပါက ပြောင်းရွှေ့မည့်ဌာနမှာ (၈)ခုဟု သိထားရသော်လည်း အထက်၏ညွှန်ကြားမှုအရအရေးအတွက် ပြောင်းလဲနိုင်ကြောင်း၊ လက်ရှိ ပြောင်းရွှေ့မည့် အရေအတွက်ကို အတည်မပြုနိုင်သေးကြောင်း မိုးညှင်းခရိုင်ထွေအုပ်ရုံးမှ သိရသည်။

အဆိုပါ အဆောက်အဦကို ရွှေဘို -မြစ်ကြီးနား ပြည်ထောင်စု ကားလမ်းမကြီးဘေး၊ မိုးညှင်းခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးဝင်းအတွင်း တည်ဆောက်မည်ဖြစ်ကာ အလျား-၁၈၄ပေ၊ အနံ-၁၁၆ ပေအမြင့် ၆၂ဒသမ၆ ပေရှိ RC အမျိုးအစား လေးထပ်တိုက်အဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး ၂၀၁၈-၁၉ ဘဏ္ဍာနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၄၄၀ ဖြင့် မြို့ပြရွှေပြည်ကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်နေကြောင်း သိရသည်။

စုပေါင်းရုံးတည်ဆောက်နိုင်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို မေလ-၂၅ရက်နေ့ မနက် ၈ နာရီခွဲအချိန်က ပြုလုပ်ခဲ့ကြရာ မိုးညှင်းမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းဇော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး၊ မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူးဦးခင်မောင်လေးနှင့် ခရိုင်စီ/ခန့်ကော်မတီဝင်များ၊ မိုးညှင်းမြို့နယ်အုပ်ချုပ်ရေးမှူးဦးရဲအောင်၊ မြို့ပြရွှေပြည် ကုမ္ပဏီပိုင်ရှင်၊ မြို့နယ် စည်ပင်သာယာကော်မတီဥက္ကဋ္ဌတို့ တက်ရောက်ကြကြောင်း သိရသည်။ ■

ထွန်းထွန်း(မိုးညှင်း)





# အသက် ၄၀ ကျော် အိမ်ထောင်သည်

## အမျိုးသမီးကို သားမယားပြုကျင့်မှုဖြင့် တက္ကသိုလ်ကျောင်းသားတစ်ဦး အမှုဖွင့်ခံရ

မေ ၂၈

**မိုး**ညှင်းမြို့နယ်ဟိုပင်မှ မြစ်ကြီးနားတက္ကသိုလ်တွင် ဘူမိဗေဒအထူးပြုဖြင့် တတိယနှစ်တက် ရောက်နေသော အမျိုးသားတစ်ဦးက အိမ်ထောင်ရှင်အမျိုးသမီးတစ်ဦးကို သားမယားပြုကျင့်သည်ဟုဆိုကာ ဟိုပင်ရဲစခန်းတွင် အမှုဖွင့်လှစ်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဟိုပင်မြို့ နန့်ရင်းကျေးရွာနေ အသက် ၄၃ နှစ်ရှိ ဒေါ်---သည်လွန်ခဲ့သော ၂လခန့်က ၎င်း၏ Facebook အကောင့်သို့ တစ်စုံတစ်ဦးမှ ညစ်ညမ်းစာနှင့် ညစ်ညမ်းဓာတ်ပုံများ ပေးပို့နေသဖြင့် အဆိုပါအကောင့်အား ဖယ်ရှားပေးရန် တစ်ရွာတည်းနေ ထိုလူငယ်ကို အကူအညီ တောင်းခဲ့စဉ် ဒေါ်---၏ မီးဖိုဆောင် အတွင်းသို့ လာရောက်ပြီး ပထမအကြိမ် သားမယားပြုကျင့်ခဲ့ကြောင်း သိရသည်။

ထိုဖြစ်စဉ် ဖြစ်ပွားပြီးနောက် တစ်ရပ်ကွက်တည်း နေထိုင်သူများ ဖြစ်သဖြင့် မိဘများလည်း အရှက်ရမည်စိုး၍ အဆိုပါဖြစ်စဉ်ကို တိုင်တန်းခြင်းမပြုဘဲ နေခဲ့ရာ မေလ ၂၅ ရက်နေ့ ည ၁၁ နာရီခွဲခန့်တွင် Messenger မှ တစ်ဆင့် တောင်းပန်လိုကြောင်းပြောကာ ဆက်သွယ်ခဲ့ကြောင်း၊ ဒေါ်---က ၎င်းကို တောင်းပန်ရန်မလိုကြောင်း ပြောသော်လည်း ထိုလူငယ်က ၎င်းမှာအိမ်ရှေ့ရောက်နေသဖြင့် တံခါးဖွင့်ပေးရန် ပြောခဲ့ကြောင်း၊ အိမ်တွင် ယောကျ်ားရှိနေသည်ဟုပြောသော်လည်း ထိုလူငယ်က အိမ်အတွင်းသို့ ဝင်ကာ ဒေါ်----ခင်ပွန်း၏ ဖိနပ်ရှိမရှိ သွားကြည့်ခဲ့ပြီးနောက် "နင်ငါ့ကိုလိမ်စားတယ်" "နင့်ယောက်ကျ်ားဖိနပ်မတွေ့ဘူး"ဟု ဆိုကာ မီးဖိုခန်းရှိ ခုတင်ပေါ်သို့ အတင်းချုပ်နှောင် ခေါ်ဆောင်ခဲ့ပြီး သားမယားအဖြစ် ဒုတိယအကြိမ်ပြုကျင့်ခဲ့ကြောင်း ရဲတပ်ဖွဲ့၏ မှတ်တမ်းအရ သိရသည်။

ထိုလူငယ်ကို ဟိုပင်ရဲစခန်း၊(ပ)အမှတ်-၁၈။ ၂၀၁၉၊ ရာဇသတ်ကြီး ပုဒ်မ-၃၇၆ ဖြင့် အရေးယူဖမ်းဆီးထားကြောင်း ဟိုပင်နယ်မြေရဲစခန်းမှ သိရသည်။ ■

ထွန်းထွန်း-(မိုးညှင်း)

# ဖားကန့်တွင် ဇနီးမောင်နှံနှစ်ဦး မီးလောင်သေဆုံး



မေ ၃၀

**ဖား**ကန့်မြို့နယ်၊ ဆိပ်မူကျေးရွာ၊ ဘွမ်ဘရာကုန်းတွင် နေထိုင်သည့် လင်မယားနှစ်ဦး မေလ ၃၀ ရက် နံနက် ၅ နာရီဝန်းကျင်ခန့်က မီးလောင်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဘွမ်ဘရာကုန်း၊ ကွက်သစ်(ကျူးကျော်)တွင် နေထိုင်ကြသောအသက် ၆၂ နှစ်အရွယ် ခင်ပွန်းဖြစ်သူ ဦးစောမောင်သိန်းနှင့် အသက် ၃၈ နှစ်အရွယ် ဇနီးဒေါ်ယိန်းမျှော်တို့ ဇနီးမောင်နှံနှစ်ဦး စကားများ ရန်ဖြစ်ရာမှ ခင်ပွန်းဖြစ်သူက နေအိမ်ကို မီးရှို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဦးစောမောင်သိန်းသည် ဇနီးသည်အပေါ် သဝန်တိုတတ်သူတစ်ဦးအဖြစ် လူသိများသူတစ်ဦး ဖြစ်ကြောင်းသိရပြီး မီးငြိမ်းသည့်အချိန်တွင် ၎င်းတို့နှစ်ဦးမှာ အတူဖက်လျက် မီးလောင်ကျွမ်းသေဆုံးနေသည်ကို တွေ့ခဲ့ရကြောင်း ဆိပ်မူကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတူးမိုင်ကပြောသည်။

၎င်းတို့၏ နေအိမ်သည် ၃×၂ ခန်းပါ ပျဉ်ခင်း၊ သွပ်မိုး၊ သွပ်ကာ နေအိမ်တစ်လုံးဖြစ်ပြီးမီးလောင်အိမ်ကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် အနီးပတ်ဝန်းကျင်ရှိ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နာရီဝက်ခန့်ကြာမှ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားချိန်တွင် သေဆုံးသူလင်မယား၏ အသက် ၁၇ နှစ်အရွယ် သမီးတစ်ဦးသည် အိမ်အပြင်သို့ ရောက်ရှိနေသဖြင့် အသက်ရှင် ကျန်ရစ်ခဲ့ကြောင်း သိရသည်။

သေဆုံးသူနှစ်ဦး၏ ရုပ်အလောင်းကို သဒ္ဓါလူမှုကူညီရေးအသင်းမှ ဖားကန့်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားပြီး ဖားကန့်မြို့မရဲစခန်းမှလည်း စစ်ဆေးဆောင်ရွက်မှုများပြုလုပ်နေကြောင်း သိရသည်။ ■

မွန်းမွန်းပန်

ICRC

The International Committee of the Red Cross (ICRC) delegation in the Republic of the Union of Myanmar is an independent, impartial and neutral humanitarian organization. The ICRC undertakes humanitarian activities in various regions of the country and promotes international humanitarian law and universal humanitarian principles.

ICRC

**The ICRC is looking for suitable candidates to fill the following vacancy:**

**Health Field Officer**

**Reference Number: HEALTH_MYI_2019001**

**To be based in Myitkyina** with frequent travel to Kachin State.

**Duties and Responsibilities**

- You will participate in health needs assessments to determine the population's health needs.
- You will assist in the implementation and monitoring of ICRC health programs, in partnership with the Ministry of Health and Sports (MoHS), designed to address in the identified needs.
- As part of your responsibilities, you will apply and comply with all the administrative procedures such as working advances, use of vouchers, prepare requisition orders for medical supplies.
- You will monitor data spreadsheets, summarize and analyze the monthly data of result-based management and medical activity database. You will have significant reporting responsibilities.
- You will maintain contact with relevant interlocutors including the Ministry of Health and Sports authorities and national society at local level.
- Moreover, you will interpret accurately from English to National language and vice versa including during field visits and training/workshop sessions.

**Required profile**

- It is required to have a university degree in medical or nursing degree or equivalent in health sector.
- You should have at least 4 years work experience (including at least 2 years of clinical experience) in relevant health/medical field and proven ability and good knowledge of public health and local health services.
- You should have a valid doctor license.
- Your communication skills should be excellent, and you should be fluent in written and spoken English as well as Myanmar language.
- Good computer and analytical skills.
- Previous ICRC experience is also a strong asset.

**What we offer**

- We offer an employment contract of 12 months with the possibility of extension.
- Fair compensation package including, for example, medical coverage and transportation allowances.
- Various training opportunities to develop and strengthen the quality of the services provided to our beneficiaries as well as to support our staff members' professional and personal development.

All applications should include an **updated CV** and a **cover letter** expressing your motivation working with the ICRC and in the vacant position in English language. Your application should include contact details of three professional referees minimum, as well as your salary expectations.

Please send your application no later than **06 June 2019**. Interviews are expected to take place within 2 weeks days after the application closing date.

You can also submit your application via mail to:

**yan_hr_recruitment_services@icrc.org**

ICRC - Human Resources Department
No.2(C)-5, Kaba Aye Pagoda Road
8th Mile, Mayangone Township
Yangon


Or

**Aye Aye Khaing**
ICRC Sub Delegation Myitkyina- Human Resources Department
448, Myay Myint Ward, Lane 13,
Myitkyina, Kachin State.

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
(နှစ် ၃ ၊ ၂၀၁၉)

# မြစ်ကြီးနားခရိုင် မိုးကောင်းနယ်ပိုင်

အင်ခိုင်ဘွမ် ရေးသားသည်



**နိုင်**ငံကျော် တေးသံရှင် ကေဂျာနူး၏ဖခင် ကချင်ပြည်နယ်ဦးစီးအဖွဲ့ ဒုတိယ အတွင်းဝန် ခေတ္တ တိုင်းမင်းကြီး ဦးကွမ်ဂျဲတောင်က "မင်းတို့ သိပ်ကျယ်မနေနဲ့။ ပြည်မကလာတဲ့ အကောင်တွေရော၊ သည်ပြည်နယ်မှာ ရှိတဲ့ အကောင်တွေရော မျိုးထွန်းခြေဖျား မီတဲ့ကောင် တစ်ကောင်မှ မရှိဘူး" ဟု မှတ်ချက်ပေးသည်။ မင်းကြီးသည် မိုးကောင်းသို့ လာရောက်၍ ပညာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ် ဖြစ်သည်။ မိုးကောင်းမြို့ပိုင် ဦးမျိုးထွန်းသည် ပဲခူး၊ မင်းလှ၊ တွံတေး၊ သာယာဝတီမြို့များတွင် မြို့ပိုင်နယ်ပိုင်လုပ်ပြီးနောက် ၁၉၆၄ ခုနှစ်တွင် ကချင်ပြည်နယ်သို့ ရောက်ရှိလာခြင်း ဖြစ်သည်။

"မင်းကြီး တာဝန်ယူနေစဉ်မှာ ဦးမျိုးထွန်းကို ချီးဖွေဖြစ်စေ၊ ဆဒိုးဖြစ်စေ ပြောင်းလိုက်ပါ။ ကျွန်တော်တို့ကတော့ နယ်ပိုင် ဦးမျိုးထွန်းကို ရှောင် အိုအောင်မဆင်းရဲလို့ ယုံကြည်တယ် မင်းကြီး" ဟု ရှောင်းရင်းများက ဆိုရလောက်အောင် မိတ်ဆွေများအပေါ် အစအနောက် သန်သူဖြစ်သည်။ ပဲခူးနယ်ပိုင်ဘဝ ပထမဆုံးအမှုစစ်ရာတွင် တရားခံမှာ ဆင်းရဲရှာသည့် ငယ်သူငယ်ချင်းဖြစ်နေ၍ မိမိပဲ ဒဏ်ငွေရိုက်၊ မိမိပဲ ဒဏ်ငွေစိုက်ဆောင်ခဲ့သည့် တရားသူကြီးအဖြစ် မှတ်တမ်းတင်ခဲ့သည်။

ဦးမျိုးထွန်းသည် မိုးကောင်းနယ်ပိုင် အနေဖြင့် နယ်အခြေအနေ၊ အခွန်တော်ကောက်ခံမှု အခြေအနေ၊ မှုခင်းအခြေအနေ၊ ငွေတိုက်လုပ်ငန်း စသည်တို့ကို စုံစမ်းမေးမြန်းသည်။ မိုးညှင်းသို့ တစ်ပတ်နှစ်ကြိမ် သွား ငွေတိုက်ဖွင့်၊ အမှုလည်း စစ်ဆေးရသည်။ ရပ်ရွာ အေးချမ်းသာယာရေး အတွက် အားထုတ်ရသည်။ စစ်သားလူထွက် မြို့နယ်ဥက္ကဋ္ဌနှင့် မဆလပါတီ စည်းရုံးရေးမှူးကြား ပဋိပက္ခများကိုလည်း ကြားဝင် ဖြေစပ်ပေးရသေးသည်။ မိမိနယ်သို့ လာရောက်သော အရာရှိကြီးများကိုလည်း စိတ်ကျေနပ်အောင် စီစဉ်ပေးတတ်သည်။ "ခင်ဗျားတို့ဆီက ဟန်ကျသားပဲ။ မြစ်ကြီးနားမှာ သွားတိုက်ဆေးဗူး သွားဝယ်ခိုင်းပါတယ်။ ဟိုလူ လက်မှတ်လိုတယ်။ သည်လူ လက်မှတ်လိုတယ်ဆိုတာနဲ့ စိတ်မရှည်တော့ လမ်းဘေးဆိုင်ကပဲ ဝယ်ခိုင်းလိုက်တယ်။ သည်တော့မှ ဖြောင့်လို့" ဟု အကောင်းပြောသူ ရှိသလို "မေခ-မလိခ မြစ်ဆုံကနေ ထမင်းထုပ်နဲ့ ဖောင်စီးပြီး ဧရာဝတီမြစ်အတိုင်း စုန်ပေတော့" ဟူ၍ ကြိမ်းမောင်းခြင်းကိုလည်း ခံရသည်။

နယ်ပိုင်သည် ထိုခေတ် အုပ်ချုပ်ရေးဝန်ထမ်း ဖြစ်သည့်အလျောက် ဒေသခံများထံမှ စပါးများကိုလည်း ဝယ်ယူရသည်။ သို့သော် ရွာသူကြီးတို့က ၎င်းတို့၏ စပါးများကို ခြင်ထောင်ထဲဖွက်၊ မီးသွေးကျင်းများတွင် ဖွက်၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းများတွင် ဖွက်သည်ကို လိုက်လံရှာဖွေဖော်ထုတ် ဝယ်ယူရသည်။ ရန်ကုန်တွင် ကျင်းပသည့် ပြေးခုန်ပစ်ပြိုင်ပွဲအတွက် ကချင်ပြည်နယ် အားကစားအဖွဲ့ကိုလည်း ဦးဆောင်ရသည်။ အစိုးရက ပြည်သူပိုင် သိမ်းစဉ်ကလည်း အိမ်၆လုံးကို သိမ်းရန် ထောက်ခံလိုက်သေးသည်။ ရန်ကုန်တွင် တရုတ်-ဗမာ အရေးအခင်းဖြစ်စဉ် မိမိမြို့နယ်သို့ မကူးစက်စေရန် မြို့မျက်နှာဖုံးများ၊ တရုတ်ဘုံကျောင်း လူကြီးများကို ဖိတ်ခေါ်ကာ ပြဿနာမဖြစ်အောင် ကိုင်တွယ်နိုင်ခဲ့သည်။ နယ်ပိုင်လက်ထက်တွင် ကျောက်စိမ်းတွင်းများ တူးဖော်ခွင့် ပိတ်ပင်ထားသဖြင့် ကျောက်စိမ်းတွင်းနှင့် စပ်လျဉ်းသည့် ဥပဒေစည်းမျဉ်းများ မသုံးခဲ့ရပေ။

**"မင်းတို့ သိပ်ကျယ်မနေနဲ့ ပြည်မကလာတဲ့ အကောင်တွေရော၊ သည်ပြည်နယ်မှာ ရှိတဲ့ အကောင်တွေရော မျိုးထွန်းခြေဖျား မီတဲ့ကောင် တစ်ကောင်မှ မရှိဘူး"**

စာ .. ၁၉ သို့ »




**တုတ်ထိုး** - ထွက်ကုန်ပြီ. . . ထွက်ကုန်ပြီ။
**အိုးပေါက်** - ဘာတွေ ထွက်တာတန်း။ အစိတ်သားတွေ လွှတ်တော်ထဲက ထွက်ကုန်တာလား။

**တုတ်ထိုး** - အဲ့ဒီအစိတ်သားတွေ လွှတ်တော်ထဲက ထွက်ရင် တုတ်ထိုးတို့ ကိုယ့်ကိုယ်ကိုယ် ခေါင်းဆီလောင်းမီးရှို့လိုက်မယ်။ ဟဲ ဟဲ ဟဲ။
**အိုးပေါက်** - တကယ်နော်၊ ကျုပ် အိုးပေါက်ဖောင်ဒေးရှင်း ထောင်ပြီး ခေါင်းဆီ အလှူခံထားလိုက်မယ်။

**တုတ်ထိုး** - ဟဲ့၊ ဖွဟဲ့ လွဲပါစေ၊ဖယ်ပါစေ။
**အိုးပေါက်** - မသိဘူးလေ။ တကယ်လို့ ထွက်သွားရင်အဆင်သင့် ဖြစ်အောင်လို့ ကြိုတင်ပြင်ဆင်ထားမလို့။ ခင်ဗျားကို ချစ်လို့ပါ။ ဟဲ ဟဲဟဲ။

**တုတ်ထိုး** - ဖုန်ရှူလိုက်၊ ဖုန်ရှူလိုက်။ ဟွန်း။ ပြောကို မပြောချင်တော့ဘူး။
**အိုးပေါက်** - ယောကျ်ားဆိုတာ ပြောပြီးကတိ တည်ရတယ်လေဗျာ။ ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - ချစ်နေပုံများနော်။
**အိုးပေါက်** - ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - တိပ်ကပ်ဆရာတော်ဘုရားတောင် အရင်က ပြောဖူးတယ် မဟုတ်လား။ မယ်တော်ဝိုင်းသာ သမ္မတ မဖြစ်ရင် ဝီဆြာတော် ကိုယ့်ကိုယ်ကိုယ် မီးရှို့ပစ်မယ်လို့ ပြောခဲ့ဖူးတယ် မဟုတ်လား။
**အိုးပေါက်** - အေးလေ၊ အေးလေ။

**တုတ်ထိုး** - ကျုပ်လည်း သူ့အတုခိုးပြီး ပေါက်ကရ ပြောရတာပေါ့။ပြီးမှ မပြောခဲ့သလို ခပ်တည်တည်နဲ့ အရှူးကွက် နင်းလိုက်ရုံပါပဲ။
**အိုးပေါက်** - ဒါနဲ့ ဆရာတော်ဦးဝီရသူကို ဖမ်းဝရမ်းထုတ်ထားတယ်ဆို။

**တုတ်ထိုး** - မြန်မာပေါကား ကြည့်နေရသလိုပါပဲဗျာ။
**အိုးပေါက်** - ဗျာ။

**တုတ်ထိုး** - ဖမ်းဝရမ်းထုတ်ထားပြီး ဖမ်းနိုး ဖမ်းနိုးနဲ့။ ရန်ကုန်မှာ ရောက်နေသလိုလို၊ ဘယ်မှာရောက်နေသလိုလို။ ဖမ်းဖို့သွားမှာလား၊ တရားနာပြီး ပြန်လာကြမလား မပြောတတ်တော့ပါဘူးဗျာ။
**အိုးပေါက်** - "ဝိဝိမြည်ကာ ပေတရာ
လမ်းမှာမစဲ ဘာသံလဲကွဲ့
ဝိဝိမြည်ကာ ပေတရာ
လမ်းမှာမစဲ ပြေးသံပဲကွဲ့"
လို့သာ ဆိုလိုက်ချင်တော့တာပါပဲ။

**တုတ်ထိုး** - တချို့ ပုဂ္ဂိုလ်တွေကြောင့် သာသနာဟာ အကြည်ညိုပျက်စရာ ညစ်နွမ်းလှသဗျာ။
**အိုးပေါက်** - လွှတ်ထားလိုက်ပါတော့ဗျာ။ အရေးကြီးတာက ၂၀၂၀ မှာ လက်မည်းကြီးတွေ ဆင်ထားတဲ့ထောင်ချောက်တွေထဲ ကျံ့ဝင်မသွားမိဖို့ပါပဲ။ လူမျိုးရေးပဋိပက္ခတွေ၊ ဘာသာရေးပဋိပက္ခတွေဘက် ကူးပြောင်းမသွားကြရအောင် သတိထားကြရမယ်ဗျို့။
**တုတ်ထိုး** - လောကနီတိမှာ လာတယ်။ ဘာတဲ့။ ဦးချိုရှိသော သတ္တဝါတို့ကို အတောင်ငါးဆယ်လောက် ရှိသော အရပ်က ရှောင်ကြဉ်ရာသည်။ အစွယ်ရှိသော ဆင်ကို အတောင်တစ်ရာရှိသောအရပ်က ရှောင်ကြဉ်ရာသည်။ မြင်းသတ္တဝါတို့ကိုကား အတောင်တစ်ရာအရပ်က ရှောင်ကြဉ်ရာသည်။ မကောင်းသော သူယုတ်မာတို့ကိုကား အရပ်ကို စွန့်သဖြင့် လျှင်စွာ ရှောင်ကြဉ်ရာသည်တဲ့ဗျာ။
**အိုးပေါက်** - ရဟန်းတို့မှာ အာပတ်သင့်ခြင်းအကြောင်း(၆)ပါး ဆိုတာ ရှိတယ်ဗျ။

**တုတ်ထိုး** - ဘာတွေတုန်း။
**အိုးပေါက်** - အရှက်မရှိခြင်း၊ သိက္ခာပုဒ်ကို မသိခြင်း၊ ယုံမှားသံသယ ရှိခြင်း၊ မအပ်သည်၌ အပ်သည်ဟု အမှတ်ရှိခြင်း၊ အပ်သည်၌ မအပ်သည်ဟု အမှတ်ရှိခြင်း၊ သတိ တွေဝေခြင်း တဲ့ဗျ။

**တုတ်ထိုး** - ရဟန်းကောင်း၊ ရဟန်းမြတ်တွေကတော့ မကောင်းမှု ဒုစရိုက်တွေကိုရှောင်ကြဉ်ဖို့ တရားဟောပြဆုံးမတော် မူကြပါတယ်။ ကောင်းရာသုဂတိ ရောက်နိုင်ဖို့ တိုက်တွန်းနှိုးဆော်ကြပါတယ်။ ဓမ္မဒေသနာ အသစ်တွေကို ဟောကြားတော်မူကြပါတယ်။နာပြီးသော တရားတို့ကိုမှတ်မိအောင် ပြန်ပြီး ဟောကြားတော် မူကြပါတယ်။ သံသရာဘဝတို့မှာ ဒါယကာရဲ့ ကောင်းကျိုးကို လိုလားကြပါတယ်။ ပြီးတော့ မေတ္တာစိတ်နဲ့ယှဉ်ပြီး အကျိုးလိုလားကြပါတယ်။ အဲ့ဒီ ရဟန်းကျင့်ဝတ်နဲ့နေပြီး သာသနာတော်ကို စောင့်ထိန်းတတ်ကြပါတယ်ဗျာ။
**အိုးပေါက်** - သာဓု သာဓုသာဓု။

**တုတ်ထိုး** - ရဟန်းတို့၏ချမ်းသာခြင်း (၈)ပါး ရှိတယ်ဗျ။ သာမဏသုခ(၈)ပါးပေါ့ဗျာ။ (၁) ဥစ္စာစပါး သိမ်းဆည်းခြင်း မရှိသည်၏ အဖြစ်။ (၂) အပြစ်မရှိသောဆွမ်းကို ရှာမှီးသည်၏ အဖြစ်။ (၃) ငြိမ်းအေးပြီးသောဆွမ်းကို သုံးဆောင်သည်၏အဖြစ်။ (၄) မင်းတို့၏ အခွန်အတုတ်မှ လွတ်ကင်းသည်၏အဖြစ်။ (၅) အဆောက်အအုံတို့၌ ကင်းသော ဆန္ဒရာဂရှိသည်၏ အဖြစ်။ (၆) ခိုးသူလုယက်ခြင်းဘေးမှ ကင်းလွတ်သည်၏ အဖြစ်။ (၇)မင်း၊ မင်းနှင့်စပ်သော အမတ်ကြီးတို့၌ ရောနှောခြင်းမရှိသည်၏ အဖြစ်။ (၈) အရပ်လေးမျက်နှာတို့၌ အပိတ်အပင် အတားအဆီး မရှိသည်၏ အဖြစ်တဲ့ဗျာ။
**အိုးပေါက်** - သာဓု သာဓုသာဓု။ ဒီတစ်ခေါက် ခင်ဗျားနဲ့ စကားပြောရတာ မင်္ဂလာရှိလှပါပေတယ်။ ချီးလည်း ချီးကျူးပါတယ်ဗျာ။

**တုတ်ထိုး** - သိပ်ချီးကျူးမနေနဲ့။ ဘဘဦးသုခရဲ့ သုခမှတ်စုစာအုပ်ဖတ်ပြီး ခင်ဗျားကို ဘာပြီး ပြန်ပြောပြနေတာ။ ဟဲ ဟဲ ဟဲ။
**အိုးပေါက်** - ဒါနဲ့ "ငါ့ရဲဘော်"ဆိုတဲ့ စကားဟာ အခုတလော လူမှုကွန်ရက်တွေပေါ်မှာ ရေပန်းစားလှပါလား။

**တုတ်ထိုး** - ဦးဝီရသူကို သီတဂူဆရာတော် ဘုရားကြီးက "ငါ့ရဲဘော်"ဆိုပြီး အာလုပ်ပြုခေါ်တာနဲ့ ပတ်သက်ပြီး ပြောဆိုနေကြတာပါ။ သာသနာခရီးလမ်းမှာ သာသနာပြုနေကြတဲ့သူ အချင်းချင်း တရင်းတနှီးခေါ်ဝေါ်တဲ့ အဓိပ္ပာယ်လည်း သက်ရောက်ပါတယ်။
**အိုးပေါက်** - လင်းစမ်းပါဦးဗျာ။

**တုတ်ထိုး** - ဥပမာဗျာ၊ခင်ဗျားကို ကျုပ်က "ယောက်ဖ"လို့ အာလုပ်ပြုပြီးခေါ်မယ်။ ဒါပေမဲ့ တရင်းတနှီးခေါ်တာဗျ။ ယောက်ဖခေါ်လို့ ခင်ဗျားရဲ့နှမကို ကျုပ်က ယူထားတယ်ဆိုတဲ့ အဓိပ္ပာယ် မသက်ရောက်ပါဘူး။ အနက်ဂယက် ကွာခြားသွားတာပေါ့ဗျာ။
**အိုးပေါက်** - ဒါလည်း ဟုတ်တာပဲ။

**တုတ်ထိုး** - ယောက်ဖခေါ်တိုင်း နှမတကယ်ပေးရတာ မဟုတ်သလို "ငါ့ရဲဘော်"ခေါ်တိုင်း သီတဂူဆရာတော်ဘုရားကြီးက ဦးဝီရသူရဲ့ လူလို၊ တစ်ဖွဲ့တစ်ဂိုဏ်းသားလို မှတ်ချက်ဆွဲပြီး လိုရာတွေးတတ်ကြတာတွေကိုတော့ ကျုပ်တော့ သဘောမတူပေါင်။
**အိုးပေါက်** - သီတဂူဆရာတော်ဘုရားကြီးက ဒီလို မိန့်ဖူးတယ်။ "အရှိန်နဲ့ အမှန်ကို သူ့အတိုင်း သိမြင်ခြင်းဟာ ပညာပါပဲ။ အရှိကို သိရင်အမှန်ကို သိတော့တာပါပဲ။ဒါကို သမ္မာဒိဋ္ဌိလို့ ခေါ်တယ်။ အသိမှန်၊ အမြင်မှန်မှ လူသား တို့အ

စာ .. ၁၉ သို့ »

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
(ဇွန် ၃ ၊ ၂၀၁၉)

# မြန်မာတစ်နိုင်ငံလုံးမှ ထူးချွန်ကြက်ခြေနီများနှင့် တာဝန်ရှိသူများက မိုင်းနားကေဘီစီစစ်ရှောင်စခန်းသို့ လာရောက်လှူဒါန်း



မေ ၃၁

**မြန်**မာတစ်နိုင်ငံလုံးရှိ ထူးချွန်ကြက်ခြေနီ မောင်/မယ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မိုင်းနား ကေဘီစီစစ်ရှောင်စခန်းရှိ စစ်ရှောင်ပြည်သူများအတွက် မေလ ၃၁ ရက်နေ့တွင် တစ်ကိုယ်ရေကျန်းမာရေး သုံးပစ္စည်းများ သွားရောက်လှူဒါန်းခဲ့သည်။

ထိုသို့ စစ်ရှောင်စခန်းသို့ လာရောက်ခြင်းမှာ ထူးချွန်ကြက်ခြေနီမောင်/မယ်များ အနေဖြင့် ကချင်ပြည်နယ်ကြက်ခြေနီများက အောင်မြင်စွာ ကူညီပေးနေမှုများကို လေ့လာပြီး လိုအပ်နေသည့် လူမှုကရုဏာလုပ်ငန်းများကို ကူညီလက်တွဲကာ နည်းလမ်းကောင်းများ၊ အကြံဉာဏ်များ ရှာဖွေနိုင်ရန် မျှော်လင့်လျှက် လာရောက်လေ့လာ လှူဒါန်းခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူကပြောသည်။

စစ်ရှောင်စခန်းတာဝန်ခံ တင်ပြသည့်အတိုင်း ရေအခက်အခဲနှင့် အိမ်သာခက်ခဲမှုများကို ဖြေရှင်းနိုင်ရန်အတွက် ကချင်ပြည်နယ်ကို စိတ်ဝင်စားပြီး လှူဒါန်းလိုသည့် အလှူရှင်များကို ဆက်သွယ်ကာ ကူညီမည်ဖြစ်ကြောင်းလည်း ဒေါက်တာဒေါ်မြသူက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒီမှာ လူလည်းတော်တော်များနေတယ်။ မိုးနောက်ကျတာနဲ့ ရေအခက်အခဲက ပိုပိုပြီးကြုံလာတဲ့အတွက် ဆရာမ ဒီကနေ ပြန်သွားလို့ရှိရင် အလှူရှင်တွေကို ညှိနှိုင်းပြီးတော့ တစ်ခုခုတော့ ကူညီမှာပါ"ဟု ၎င်းက ပြောသည်။

ကြက်ခြေနီအသင်းတွင် စိတ်ဝင်စားသူမည်သူမဆို လူမျိုး ဘာသာမရွေးအားလုံး ပါဝင်နိုင်ကြောင်းနှင့် ကချင်ပြည်နယ် လူထု၏ ပါဝင်မှုအားပေးမှုသည် အင်မတန်နည်းပါးနေသဖြင့် လူငယ်များ ပိုမိုပါဝင်လာစေချင်ကြောင်း ကချင်ပြည်နယ်ကြက်ခြေနီအသင်း ဒုဥက္ကဋ္ဌ ဦးလဖိုင်ဘရန်ဒီးက ပြောသည်။

"ကချင်လူငယ်တွေကို ကြက်ခြေနီမှာ ပါဝင်လာဖို့ အားလုံးကို ဖိတ်ခေါ်ပါတယ်"ဟု ၎င်းပြောသည်။

ကချင်ပြည်နယ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီမောင်/မယ်များ တွေ့ဆုံပွဲကို မြစ်ကြီးနားတက္ကသိုလ်၌ ပထမဦးဆုံးအကြိမ် ကျင်းပခဲ့ပြီး ထိုင်း၊ မလေးရှားနှင့် တရုတ်နိုင်ငံတို့မှ ထူးချွန်ကြက်ခြေနီ မောင်/မယ်များ၊ မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းနှင့်ပြည်နယ် ထူးချွန်ကြက်ခြေနီမောင်/မယ်များ၊ လူငယ်ခေါင်းဆောင်များနှင့် တာဝန်ရှိသူများသည် မေလ ၂၇ ရက် နေ့မှ ဇွန်လ ၁ ရက်နေ့အထိ လေ့လာရေးခရီးစဉ်အဖြစ် မြစ်ဆုံ၊ အင်းတော်ကြီးနှင့် မိုင်းနား စစ်ဘေးရှောင်စခန်းတို့တွင် သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

တိုင်းနှင့်ပြည်နယ် အသီးသီးမှ ထူးချွန်ကြက်ခြေနီ မောင်/မယ် စုစုပေါင်း လူဦးရေ ၁၅၈ ဦးရှိပြီး ထိုထဲတွင် ကချင်ပြည်နယ်မှ ထူးချွန် ကြက်ခြေနီ ၁၆ ဦးပါဝင်ကြောင်း သိရသည်။ ■

မျိုးမြတ်မြတ်ပန်

# ဆေးလွန်သူများကို အရေးပေါ် ကယ်တင်ခြင်း



**ဆေး**လွန်ခြင်းဟာ နာရီအနည်းငယ်အတွင်း အသက်ဆုံးရှုံးစေနိုင်တဲ့အတွက် ဘယ်လိုကူညီရမယ်ဆိုတာသိထားဖို့ အရေးကြီးသလို အမြန်ဆုံးကူညီဖို့လည်း လိုအပ်ပါတယ်။

အောက်ပါ အရေးပေါ်လက္ခဏာများကို တွေ့ရှိပါက ဆေးလွန်ခြင်းမှ ကယ်တင်ရန်ချက်ချင်း တုန့်ပြန်ဆောင်ရွက်ရမည်။

- သတိလစ်ခြင်း၊ နာမည်ခေါ်သံကို တုန့်ပြန်မှုမရှိခြင်း၊
- အသက်ရှူရ ခက်ခဲခြင်း၊ အသက်ရှူနှုန်း နှေးကွေးလာခြင်း၊ အသက်ရှူရပ်သွားခြင်း၊ ဟောက်သံထွက်ခြင်း၊
- အသားအရေ၊ နှုတ်ခမ်းနှင့်လက်ချောင်းထိပ်များ ပြာနှမ်းလာခြင်း (သို့) ဖြူဖတ်ဖြူလျော်ဖြစ်နေခြင်း (သို့) မီးခိုးရောင်ပြောင်းသွားခြင်း၊

ကယ်တင်မည့်သူများလိုက်နာရန်

(၁) သင့်ကိုယ်သင် အပ်မစူးစေရန် ဂရုစိုက်ပါ။

(၂) အခြားသူများထံမှအကူအညီနှင့် ဆေးဘက်ဆိုင်ရာ အကူအညီများ တောင်းခံပါ။

(၃) ဆေးလွန်နေသူထံမှ တုန့်ပြန်မှုရရန် ထိုသူ၏ အမည်ကို ခေါ်ခြင်း(သို့) ရင်ညွန့်အား လက်ခေါက်ဖြင့်ဖိခြင်း ပြုလုပ်ပါ။

(၄) တုန့်ပြန်မှုမရှိပါက ဆေးလွန်နေသူ၏အသက်ရှူလမ်းကြောင်းပွင့်စေရန် ဘေးတိုက်ဒူးကွေးအနေအထား ထားပေးပါ။

(၅) ဆေးလွန်နေသူ အသက်ရှူနေပါက ဘေးတိုက်ဒူးကွေးအနေအထားထားပြီး အသက်ရှူနှုန်းကို စောင့်ကြည့်ပါ။

(၆) အသက်မရှူတော့ပါက အရေးပေါ်အသက်ရှူ ကယ်ဆယ်နည်းကို အသုံးပြုပါ။

၎င်းကို လူနာ အသက်ပြန်လည်ရှူလာချိန်၊ ဆေးဘက်ဆိုင်ရာအထောက်အကူများ ရောက်ရှိလာချိန်၊ (သို့) တစ်စုံတစ်ဦးမှ လက်လွဲယူလာနိုင်ချိန်ထိ ပြုလုပ်ပေးပါ။

(၇) ပြီးလျှင် နယ်လောက်ဇုန်းဆေးရှိရာ ဆေးခန်း၊ ကျန်းမာရေးဌာနသို့ အမြန်ခေါ်သွားပါ။

ဆေးလွန်ပါက မလုပ်ဆောင်သင့်သောအရာများ

ဆေးလွန်နေသူအား

- တစ်စုံတစ်ခုကျွေးခြင်း၊ အရည်တစ်မျိုးမျိုးတိုက်ခြင်း၊ အော့အန်အောင်ပြုလုပ်ခြင်း၊
- ဆားရည်ထိုးခြင်း၊
- ရေအေးဖြင့် ရေချိုးပေးခြင်း၊
- အတင်းအဓမ္မ လမ်းလျှောက်စေခြင်း၊
- ရိုက်နှက်ခြင်း (သို့) နာကျင်အောင်ပြုလုပ်ခြင်း၊
- တစ်ဦးတည်းပစ်ထားခဲ့ခြင်း။


ဆေးလွန်ခြင်းကို ဘယ်လိုကုသမှုခံယူနိုင်လဲ ဆိုတာကို နောက်အပတ်မှာ ဆက်လက်ဖတ်ရှုနိုင်ပါတယ်။ ■

#Credit - 528 Love မူးယစ်ဆေးနှင့်မိသားစု

မြတ်သွေးထက် ရေးသားသည်

# မြစ်ဆုံ အရေးနဲ့ ၂၀၀၈ ဖွဲ့စည်းပုံ

မြတ်သွေးထက်



**“ တကယ်တော့ ပြည်သူ့အစိုးရအနေနဲ့ တရုတ်အစိုးရက မြန်မာနိုင်ငံအပေါ် စီးပွားရေးကိုလိုနီအဖြစ် နယ်ချဲ့နေတာကို မသိမဟုတ် သိပေမယ့် လတ်တလောအခြေအနေအရ မယုတ်မလွန်အနေအထားမျိုးနဲ့ ဆက်ဆံနေရတာပါ ”**

**မြစ်**ဆုံအရေးနဲ့ ပတ်သက်ပြီး နောက်ထပ်တစ်ဖန် သို့လောသို့လော ကြားနေရပြန်ပါပြီ။ အခုဆိုရင် အထက်မြန်မာနိုင်ငံ ကချင်ပြည်နယ် မြစ်ကြီးနားမြို့က စာသင်ကျောင်းတွေမှာ ကျောင်းသားငယ်တွေ အတွက် စာအုပ်နဲ့ စာရေးကိရိယာတွေ အပြည့်အစုံ ထည့်ထားတဲ့ ကျောပိုးအိတ်တွေကို တရုတ် SPIC ကုမ္ပဏီက အခမဲ့ပေးဝေပြီး မြစ်ဆုံဆည် စီမံကိန်းအတွက် ဌာနဆိုင်ရာတွေ ရပ်မိရပ်ဖတွေကို လိုက်လံစည်းရုံးနေတာတွေ တွေ့နေရသလို မိုးကောင်းမြို့နယ်၊ မိုးညှင်းမြို့နယ်တွေမှာရှိတဲ့ ကျေးရွာတွေမှာလည်း(၂၆၊၅၊၂၀၁၉) ရက်နေ့က “လျှပ်စစ်နှင့်ပတ်သက်သည့် သိမှတ်ဖွယ်ရာအသိပညာပေး ဟောပြောဆွေးနွေးခြင်း” ခေါင်းစဉ်နဲ့ မြစ်ဆုံရေကာတာ စီမံကိန်းရဲ့ ကောင်းကျိုးတွေချည်း ဟောပြောသွားတယ်လို့ သိရပါတယ်။

ယနေ့ အောက်မြန်မာနိုင်ငံမှာဆိုရင်လည်း “မြစ်ဆုံစီမံကိန်း အပြီးတိုင်ဖျက်သိမ်းရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်”အဖွဲ့က မြစ်ဆုံစာချုပ်နဲ့ ပတ်သက်ပြီး တစ်လအတွင်း အများပြည်သူသိစေဖို့အပါအဝင် စာမျက်နှာပေါင်း တစ်ထောင်ကျော်ရှိတဲ့ စာချုပ်ပါ အချက်အလက်တွေ မိတ္တူကူးခွင့်ကို တောင်းဆိုနေကြပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး မြစ်ဆုံစီမံကိန်း အပြီးတိုင်ရပ်စဲရေးကို မတောင်းဆိုရဘူးလို့မဆိုလိုပါဘူး။ တကယ်တော့ နိုင်ငံရေးမှာ အခြေအနေနဲ့ အချိန်အခါကိုလည်း အကင်းပါးပါးနဲ့ ထည့်တွက်ကြဖို့ လိုအပ်ပါတယ်။

ဒါကြောင့် ပထမအချက်အနေနဲ့ ပြောချင်တာက ကချင်ပြည်နယ်ထဲမှာ တရုတ် SPIC ကုမ္ပဏီက မြစ်ဆုံစီမံကိန်းနဲ့ ပတ်သက်ပြီး ဌာနဆိုင်ရာတွေအပါအဝင် ပြည်သူအားလုံးကို စည်းရုံးပိုင်ခွင့် ရနေတာဟာ ပြည်နယ်အစိုးရရဲ့ အမိန့်နဲ့လား ဒါမှမဟုတ် အစိုးရက ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိတဲ့ ပြည်ထဲရေးရဲ့ အမိန့်အာဏာကြောင့်လား ဆိုတာ သဲသဲကွဲကွဲ သိဖို့ လိုအပ်ပါတယ်။ သေချာတာကတော့ တရုတ် SPIC ကုမ္ပဏီက လက်မလျှော့ဘူး ဆိုတာပါပဲ။ တကယ်တော့ တရုတ် SPIC ကုမ္ပဏီဆိုတာ ပုဂ္ဂလိကပိုင် ကုမ္ပဏီကြီးပါ။ ဒါပေမဲ့ ဒီကုမ္ပဏီကြီးရဲ့ အကျိုးစီးပွားကို တရုတ်အစိုးရက အပြည့်အဝ အကာအကွယ်ပေးထားပါတယ်။ ဆိုလိုချင်တာက ဒီ မြစ်ဆုံစီမံကိန်းကို ၂၀၀၉ခုနှစ်မှာ မြန်မာစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တရုတ်သမ္မတ ဟူကျင်းတောင်တို့ ချုပ်ဆိုခဲ့တဲ့ နှစ်နိုင်ငံသဘောတူစာချုပ် ဖြစ်တယ်ဆိုတာကိုပါ။ ဆိုတော့ နှစ်နိုင်ငံ သဘာတူစာချုပ် ဖြစ်တဲ့အလျောက် အခုသဘောတူ ခဏနေဖျက်သိမ်း ဆိုတာမျိုးကို အလွယ်တကူ လုပ်ဖို့ဆိုတာ အင်မတန်မှကို ခက်ခဲပါလိမ့်မယ်။

ဆက်ပြီးပြောရရင် စစ်အာဏာရှင်စနစ်ရဲ့ ဆိုးမွေတွေဖြစ်တဲ့ မခိုင်မာတဲ့ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ရင်းနှီးမြှုပ်နှံမှုမရှိသေးတဲ့တိုင်းပြည် ဖြစ်နေတာမို့ တရုတ်နိုင်ငံနဲ့ ဆက်ဆံရေး မပြေမပြစ် ဖြစ်သွားမယ်ဆိုရင် တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် လိုနေတဲ့ သံပေါင်သံချောင်း၊ ကတ္တရာ၊ ဘိလပ်မြေကအစ နေ့စဉ်လူသုံးကုန်စည်ကအဆုံး ပြည်သူအားလုံး အကျပ်အတည်းနဲ့ ရင်ဆိုင်ရဖွယ် ရှိပါတယ်။

ဒီလို တိုင်းပြည်ရဲ့ အားနည်းချက်တွေကို ကောင်းကောင်းသိထားတဲ့ တရုတ်အစိုးရက တပ်မတော်အတွက် လက်နက်မျိုးစုံ ရောင်းချနေသလိုတောင်တန်းသားလက်နက်ကိုင်တွေအတွက်လည်း လက်နက်၊ ဆေးဝါးနဲ့ ဆေးပစ္စည်းကအစ ရောင်းချကူညီနေတာကြောင့် မြန်မာ့ငြိမ်းချမ်းရေး ကိစ္စမှာလည်း အဓိကနေရာကနေ ပါဝင် ပတ်သက်နေတာကို တွေ့ရပါတယ်။ ဒါကြောင့် ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ဖို့ တိုင်းပြည်အတွက် အရေးကြီးနေတဲ့ ဒီလိုအချိန်မှာ ပြည်သူအားလုံး အကင်းပါးကြဖို့ လိုအပ်ပါတယ်။ ဒီ ၂၀၀၈ ဖွဲ့စည်းပုံကြီးကို ပြင်ဆင်နိုင်ပါမှလည်း ပြည်သူအားလုံးဖြစ်ချင်တဲ့ ဆန္ဒအားလုံး ဖြစ်နိုင်မှာပါ။

ဆိုတော့ နှစ်အချက်အနေနဲ့ပြောရရင် မြစ်ဆုံစီမံကိန်း ထာဝရရပ်ဆိုင်းရေးအဆိုကို နိုင်ငံသား ၉၉ ရာခိုင်နှုန်းလောက်က ထောက်ခံတယ်ဆိုတာကိုလည်း မြစ်ဆုံစီမံကိန်း ထာဝရရပ်ဆိုင်းရေးအတွက် ဆန္ဒစောနေသူတွေကို ပြောကြားလိုပါတယ်။ ဒါပေမဲ့ နိုင်ငံသားတိုင်းအတွက် အသက်တမျှ အရေးကြီးနေတဲ့ ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်နိုင်ရေးအတွက် အရေးကြီးနေတဲ့ ဒီလိုအချိန်မှာ လုပ်ပိုင်ခွင့်အာဏာဟာ ပြည်သူ့အစိုးရလက်ထဲမှာလား ဒါမှမဟုတ် တပ်မတော် လက်အောက်ခံ ပြည်ထဲရေးဌာနက ချုပ်ကိုင်ထားတာလား ဆိုတာကို မချင့်ချိန်ဘဲ ပြည်သူ့အစိုးရအပေါ် ဇွတ်တရွတ်တောင်းဆိုနေတာကတော့မဖြစ်သင့်ဘူး ထင်ပါတယ်။

တကယ်တော့ ပြည်သူ့အစိုးရအနေနဲ့ တရုတ်အစိုးရက မြန်မာနိုင်ငံအပေါ် စီးပွားရေးကိုလိုနီအဖြစ် နယ်ချဲ့နေတာကို မသိမဟုတ် သိပေမယ့် လတ်တလောအခြေအနေအရ မယုတ်မလွန် အနေအထားမျိုးနဲ့ ဆက်ဆံနေရတာပါ။ ဒီနေရာမှာ ပြောချင်တာက အကယ်၍များ ၂၀၀၈ ဖွဲ့စည်းပုံကို ပြင်ဆင်နိုင်ခဲ့လို့ အခြားကမ္ဘာ့နိုင်ငံအသီးသီးက ရင်းနှီးမြှုပ်နှံမှုတွေ မြန်မာပြည်ကို ရောက်လာခဲ့ရင် တရုတ်ကို တစ်ရစ်ချင်း ဖယ်ထုတ်ပစ်ဖို့ မလုပ်နိုင်စရာ အကြောင်းမရှိပါဘူး။ ဆိုတော့ ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်နိုင်ရေးအတွက် ပြည်သူ့အစိုးရအနေနဲ့ လှုံ့လစိုက်ထုတ်နေချိန်မှာ ပြည်သူတွေရဲ့ အာရုံစိုက်မှု အကွဲကွဲအပြားပြားဖြစ်စေမယ့် အပြုအမူတိုင်းကို ဆင်ခြင်သင့်တယ်ထင်ပါတယ်။ ဘာ့ကြောင့်တုန်းဆိုတော့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ ပုဒ်မ (၄)“နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော် တစ်ဝန်းလုံး၌တည်သည်”အရ ပြည်သူ့အစိုးရကို ပြည်သူ့အခွင့်အာဏာနဲ့ ၂၀၀၈ ဖွဲ့စည်းပုံကို ဝိုင်းဝန်းပြင်ဆင်ကြရမယ့် အချိန်အခါ ဖြစ်နေလို့ပါပဲ။ စင်စစ် နိုင်ငံရေးဆိုရာမှာ အခြေအနေနဲ့ အချိန်အခါကို စောင့်ကြည့် အကဲခတ်ပြီး အချိန်နဲ့ တစ်ပြေးညီ မလုပ်ဆောင်နိုင်ရင် မအောင်မြင်နိုင်ပါဘူး။

ဒီနေရာမှာ အခြေအနေ အချိန်အခါနဲ့ ပတ်သက်ပြီး မြန်မာ့သမိုင်းထဲက မြင်သာထင်ရှားတဲ့ အချက်တချို့ကို ထုတ်နုတ် ပြောပြချင်ပါတယ်။ နိုင်ငံရေးပါးမဝသေးတဲ့ မြန်မာပြည်သူလူထုတွေကို နိုင်ငံရေးအသိအတွက် အလင်းများစွာပေးခဲ့တဲ့ မြန်မာ့သူရဲကောင်းတွေကို အပြစ်တင်ဝေဖန်တာမျိုး မဟုတ်ပေမယ့် ဗိုလ်မင်းရောင်၊ ဆရာစံ၊ သခင်ဖိုးလှကြီး၊ သခင်ဗဟိန်း၊ ဗိုလ်အောင်ကျော် အစရှိတဲ့ မြန်မာ့ခေါင်းဆောင်တွေ ဗြိတိသျှကိုလိုနီကို တော်လှန်ခဲ့ကြရာမှာ အခြေအနေနဲ့ အချိန်အခါအရ မအောင်မြင်ခဲ့ကြပါဘူး။ သို့သော် မြန်မာပြည်သူလူထုတစ်ရပ်လုံး အမျိုးသားရေးအသိနဲ့ မဟုတ်မခံ တော်လှန်ရဲတဲ့ စိတ်ဓာတ်ကို ရခဲ့ပါတယ်။ ပြော

စာ .. ၁၈ သို့ »

# နိုင်ငံတကာ မူးယစ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲ

မေ ၂၉

**ဇွန်**လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ၂၂ ကြိမ်မြောက် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ကချင်ပြည်နယ်အတွင်းရှိ ခရိုင်အသီးအသီးမှ ကျောင်းသူ/သားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှ ဦးစီးကျင်းပခြင်းဖြစ်ပြီး မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသူ/သားများ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

၎င်းပြိုင်ပွဲ၌ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲအတွက် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ဟူ၍ အဆင့်သုံးဆင့် သတ်မှတ်ထားကြောင်း၊ စာစီစာကုံး၊ ကဗျာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် အလယ်တန်းနှင့် အထက်တန်းနှစ်ဆင့် ယှဉ်ပြိုင်ခွင့်ပြုကြောင်း သိရသည်။

ကျောင်းသူ/သား များ မူးယစ်ဆေးဝါး အန္တရာယ်မှ ရှောင်ရှား၍ နိုင်ငံကို အကျိုးပြုသော နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန် ယင်းပြိုင်ပွဲကို ပြုလုပ်ပေးသောကြောင့် ဝမ်းသာဂုဏ်ယူမိကြောင်း ကချင်ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး(စီမံ) ဦးသန်းထွန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"မူးယစ်ဆေးဝါးက လူသားတွေကို အကျိုးမပြုဘူး။ အညွန့်တုံးအောင် လုပ်တဲ့ ပစ္စည်းတစ်ခုပဲ။ ပြိုင်ပွဲတွေ လုပ်ခြင်းအားဖြင့် မူးယစ်ဆေးဝါးဟာ မကောင်းဘူး ဆိုတဲ့အသိ၊ အကျိုးမပြုဘူး၊ ကောင်းကျိုးမပေးဘူး ဆိုတဲ့အသိကို သိရှိဖို့"ဟု၎င်းက ပြောသည်။

ပါဝင် ယှဉ်ပြိုင်လိုသော ကျောင်းသူ/သားများသည် သက်ဆိုင်ရာ မိမိတို့ ခရိုင်ရှိ မြို့နယ်အလိုက် ကျောင်းဆရာ/မများထံ အမည်စာရင်းပေးသွင်းကာ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းလည်း သိရသည်။

ယင်းပြိုင်ပွဲကို ခရိုင်ပညာရေးမှူးများ သတ်မှတ်ထားသည့်နေရာ၌ ဇွန်လ ၈ ရက်နေ့နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး ဆုရရှိသည့်ကျောင်းသူ/သားများကို ပြည်နယ်ရဲတပ်ဖွဲ့မှ ဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ■

Benadeth

# ဖုန်းခေါ်ဆိုရင်း ကချင်သီချင်းကောင်းလေးတွေ နားထောင်နိုင်တော့မည်

မေ ၃၀

**က**ချင် သီချင်းများကို ဖုန်း Ring Back Tone အဖြစ် ထည့်သွင်း အသုံးပြုနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန် ကချင်အနုပညာရှင်များ အသင်းချုပ်နှင့် ရန်ကုန်မြို့မှ Rainbow MM ကုမ္ပဏီတို့ ပူးပေါင်းလိုက်ကြောင်း ကချင်အနုပညာရှင်များ အသင်းချုပ်မှ ဒုတိယ ဥက္ကဋ္ဌ မိတုန်တန်နောင်က ပြောသည်။

ဖုန်းခေါ်ဆိုရာတွင် တစ်ဖက်ဖုန်းမှ အဝင်မြည်သံအစား သီချင်းသံကို ဝယ်ယူအသုံးပြုသည့် Ring Back Tone ဝန်ဆောင်မှုတွင် ကချင်တိုင်းရင်းသား မျိုးနွယ်စုအားလုံး၏ ခေတ်ဟောင်း၊ ခေတ်သစ်သီချင်းများကို ထည့်သွင်း အသုံးပြုမည်ဖြစ်ရာ မကြာမီအချိန် မြန်မာတစ်နိုင်ငံလုံးရှိ ဖုန်းလိုင်းများ၌ ထည့်သွင်းနိုင်ရန် စတင်လုပ်ဆောင်နေပြီ ဖြစ်ကြောင်း သိရသည်။

ယင်း ဝန်ဆောင်မှုသည် ကချင်အနုပညာရှင်များ အတွက် အကျိုးရှိစေမည့်အရာတစ်ခုဖြစ်သဖြင့် ကချင်သီချင်းများကို ပြည်တွင်း ပြည်ပမှ ဖုန်းများတွင် ထည့်သွင်း အသုံးပြုလာနိုင်ရန် မျှော်လင့်မိသလို Rainbow MM ကုမ္ပဏီနှင့် လက်တွဲလုပ်ဆောင် ခွင့်ရသည့်အတွက် ဝမ်းသာမိကြောင်း ဦးမိတုန်တန်နောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အခုအချိန်မှာ အကုန်လုံးက ခွေရောင်းအားလည်း ကျလာပြီ။ ရောင်းဖို့လည်း ခက်လာပြီ။ ဆိုတော့ လုပ်သင့်တဲ့အလုပ် ဖြစ်တယ်။ အနုပညာရှင်တွေရဲ့ အကျိုးကို စဉ်းစားပြီး လုပ်တာပေါ့။ ဘာလို့ဆို ကျွန်တော်တို့ ကချင်အနုပညာရှင်တွေ အတွက် တိုးတက်လာမယ့် လမ်းကြောင်းပဲပေါ့"ဟု ၎င်းက ပြောသည်။

သီချင်းနှင့် ပတ်သက်သော ကိစ္စများကို ကချင်အနုပညာရှင်များ အသင်းချုပ်၊ ဗဟိုကော်မတီမှ တာဝန်ယူဆောင်ရွက် သွားမည်ဖြစ်ကာ စုစည်းထားသော သီချင်းများကို ကုမ္ပဏီထံလွှဲပေးပြီး လုပ်ငန်းစတင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

"ကချင်တိုင်းရင်းသားမျိုးနွယ်စုအားလုံး ပေါင်းစုံလုပ်ဖို့ မျှော်မှန်းထားတာပေါ့။ ကျွန်တော်တို့ ကချင်အနုပညာရှင်များ အသင်းချုပ်ရုံးမှာ စာရင်းလာသွင်းတဲ့ သီချင်းတွေ အားလုံးကိုတော့ သူတို့ဆီ ပို့ပေးမှာပေါ့လေ" ဟု ၎င်းကဆိုသည်။

ယင်းဝန်ဆောင်မှုကို အမြန်ဆုံး လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ကချင်အဆိုတော်များ အနေဖြင့် မိမိတို့၏ သီချင်းအယ်လ်ဘမ်များကို ကချင်အနုပညာရှင်များ အသင်းချုပ်ရုံးသို့ လာရောက် စာရင်းသွင်းရန် လိုအပ်ပြီး သီချင်းများ ထည့်သွင်းအသုံးပြုရာတွင် အဆိုတော်များအတွက်လည်း အကျိုးအမြတ် ခံစားခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

၎င်းကို စတင်ရန် သီချင်းပေါင်း ၁၀၀၀ ဝန်းကျင်လိုအပ်ပြီး လက်ရှိအချိန်တွင် စာရင်းရှိ သီချင်းအပုဒ်ရေ ၁၀၀ ဝန်းကျင်ရှိနေပြီဖြစ်၍ ဇွန်လအတွင်း စတင်အကောင်အထည်ဖော် အသုံးပြုနိုင်အောင် ကြိုးစားလုပ်ဆောင်နေကြောင်းလည်း သိရသည်။ ■

Benadeth






## အိမ်ခြံမြေရောင်းရန်ရှိသည်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ တပ်ကုန်းတောင် အိမ် အမှတ်-၆၀ ၊ (A/B✓)၊ အလျား (၁၂၀) ၊ အနံ ၅၃ ပေ ရှိသည့် မြေကွက်အလွတ်ကို ကြမ်းခင်းဈေး (၁၅၀၀) ဖြင့် ရောင်းရန်ရှိသည်။(ညှိနှိုင်းဈေး)ရှိသည်။ အသေးစိတ်သိရှိလိုပါကအောက်ပါဖုန်းနံပါတ်တွင် ဆက်သွယ် မေးမြန်းနိုင်ပါသည်။

ဖုန်းနံပါတ် ၀၉ -၄၇၀၀၃၉၄၀




မြေကွက်တည်နေရာ

နွေရာသီတွင် မီး အထူးသတိပြုပါ

# မိမိစိုက်ပျိုးခဲ့သည့် အရိပ်ရအပင်များကို စည်ပင်ခုတ်လို့..



သို့
အယ်ဒီတာ
မြစ်ကြီးနားသတင်းဂျာနယ်

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက် ဒူဝါဇော်ရစ်လမ်းဟောင်းကို ပြည်နယ်အစိုးရ ညွှန်ကြားချက်နှင့် လမ်းတိုးချဲ့ကာ အသစ်ပြုပြင်နေပါသည်။ လမ်းသစ် ပြုပြင်ဆောင်ရွက်ခြင်းက အင်မတန်ကောင်းမွန်လှသည့် ဆောင်ရွက်ချက်ဖြစ်သော်လည်း လမ်းသစ်တိုးချဲ့မှုအတွက် နှစ်ပေါင်းကြာရှည်စွာ စိုက်ပျိုးထားရတဲ့ အရိပ်ရ သစ်ပင်ကြီးများစွာ ခုတ်ထွင်ရှင်းလင်းခံရမှုအတွက်တော့ စိတ်မကောင်းခြင်း များစွာဖြစ်ရပါသည်။

ယင်းလမ်းရှိ သစ်ပင်ကြီးများကို ၁၉၈၁ ခုနှစ် မတ်လတွင် တစ်ကြိမ်၊ ၁၉၉၀ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၀ ခုနှစ်တွင် တစ်ကြိမ် သုံးကြိမ်တိုင်တိုင် လမ်းသွားလမ်းလာများ ရာသီဥတု ပူပြင်းမှုဒဏ်မှ သက်သာစေရန် ကျွန်တော် စိုက်ပျိုးခဲ့ပါသည်။ နေရာစေ့ စိုက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အပင် သုံးဆယ်ခန့်သာ ကျန်ရှိခဲ့သည်။

ယင်းလမ်း ပျက်စီးနေသောကြောင့် အသစ်ပြန်လည်ပြုပြင်လျှင် သစ်ပင်ကြီးများ မပါဝင်အောင် ဆောင်ရွက်ပေးရန် စည်ပင်ဥက္ကဋ္ဌကို အကူအညီ တောင်းခဲ့ဖူးသည်။ တစ်လခန့် အကြာတွင် လမ်းများ စတင်လုပ်ဆောင်နေပြီကို တွေ့ရသောကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သွားရောက်တွေ့ဆုံရာတွင် "နှမြောစရာတော့ ဟုတ်တယ်။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ. . ."ဟု ပြောသည်။ ထို့ကြောင့် ကျွန်တော် ဝန်ကြီးချုပ်နှင့် ထပ်မံတွေ့ဆုံကာ အကူအညီသွားရောက်တောင်းခံခဲ့ရာ မေးကြည့်ပေးမည်ဟု ဆိုခဲ့သည်။ သို့သော် ရက်သတ္တနှစ်ပတ်ခန့်အကြာမှာတော့ အပင်ကုန်လုနီးပါး ရှင်းလင်းခြင်း ခံလိုက်ရပါပြီ။ ကျွန်တော့်အနေနဲ့ များစွာ စိတ်မကောင်းဖြစ်ရပါသည်။ ကျွန်တော် ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့စဉ်ကတည်းက ဒေသတစ်ဝိုက် လမ်းထောင့်နေရာများ မြေကွက်လပ်များတွင် အရိပ်ရ အပင်များစိုက်ပျိုးခဲ့သည်မှာ ထောင်စေ့ပိုင်းမျှ ရှိခဲ့ပါပြီ။

လမ်းတိုးချဲ့ ပြုပြင်ရာတွင် အပင်များရှိသည့် တစ်ဘက်တည်းကို တိုးချဲ့ခြင်းမလုပ်ဘဲ အကျယ်အဝန်းကို လမ်းတစ်ဖက်တစ်ချက် မျှယူပေးပါက နှစ်ရှည်သစ်ပင်ကြီးများ ရှင်းလင်းခုတ်ထွင်ရန် မလိုအပ်ပေ။ ယခုလို တစ်ဘက်တည်း ချဲ့ကာ လုပ်ဆောင်နေမှုကြောင့် အရိပ်ရအပင်ကြီးများ ဆုံးရှုံးရမှုအတွက် များစွာ စိတ်မကောင်းဖြစ်ရပါကြောင်း မြစ်ကြီးနားသတင်းဂျာနယ်မှ တစ်ဆင့် တင်ပြလိုက်ရပါသည်။

ဦး ခေါင်လွမ်း
မူးယစ်ဆေးရုံ မြစ်ကြီးနား
ရုံးအုပ်စာရေးကြီး (အငြိမ်းစား)

ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အမြတ်ထုတ်မှုများ ဖြစ်ပေါ်ပါက တိုင်ကြားရန်ဖုန်းနံပါတ်များ
၀၆၇-၄၀၄၉၉၉၊ ၀၆၇-၄၀၄၂၂၂




## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်
နယ်မြေ ၁၃ တွင် နေထိုင်သော ဦးဟောင်းလွမ်းကို
ဦးယောဘဟုမှားယွင်းခေါ်ဆိုနေသောကြောင့်
အမည်ရင်းမှန်မှာဦးဟောင်းလွမ်း
၁၃/ကလထ(နိုင်) ၀၃၀၃၂၀ ဖြစ်ကြောင်း
အသိပေးကြေညာအပ်ပါသည်။

ဦးဟောင်းလွမ်း
၁၃/ကလထ(နိုင်) ၀၃၀၃၂၀



# Movie view

## ယခုအပတ် ရော(မြစ်ကြီးနား) ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ




နေ့လယ် ၁၂း၃၀ နှင့် ည ၇း၀၀ ပွဲချိန်တွင်
**စရိုက်**




ညနေ ၃း၃၀ ပွဲချိန်တွင်
**GODZILLA**

| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# စာအုပ်စင်ကဏ္ဍ

## ရွှေ ၇၃

| | |
|---|---|
| စာရေးသူ | = ကလောင်စုံ |
| ထုတ်ဝေသူ | = ငါတို့စာပေ |
| တန်ဖိုး | = ၉၀၀၀ ကျပ် |



**ညီထွန်းလင်း**

ရွှေအမြုတေ မဂ္ဂဇင်း တည်ထောင်သူဆရာဦးဝင်းငြိမ်း၏ အသက်၆၀ပြည့်မွေးနေ့မှစတင်ကာရွှေအမြုတေ မဂ္ဂဇင်းပါလက်ရွေးစင် ဝတ္ထုတိုများကို စုစည်းပြီးအမှတ်တရအဖြစ် ထုတ်ဝေခဲ့ပါသည်။ ရသဦးစားပေး ရွှေအမြုတေမဂ္ဂဇင်းကြီး၏ လက်ရွေးစင်စာမူများကို ရွေးချယ်စုစည်း ထုတ်ဝေထားခြင်းဖြစ်သဖြင့် ဝတ္ထုတိုကြိုက်နှစ်သက်သူများ နှစ်စဉ်စောင့်စားအလေးပေး ဖတ်ရှုရသည့် စာအုပ်တစ်အုပ်ဖြစ်ခဲ့ပါသည်။ ယခုစာအုပ်သည် ၂၀၁၉ ခုနှစ်မေလ ၂၈ ရက်နေ့တွင်ကျရောက်သည့် ဆရာဦးဝင်းငြိမ်း၏ ၇၃ နှစ်မြောက် မွေးနေ့ကို ဂုဏ်ပြုကာငါတို့စာပေမှအထူးစီစဉ်ထုတ်ဝေထားခြင်း ဖြစ်ပါသည်။

“ကိုဒေါင်းနီ မိန်းမ မတင်လုံးကလည်း ခပ်အေးအေးရယ်။ ကိုဒေါင်းနီ ဘာလုပ်လုပ် မျက်လုံးပေမှေးနဲ့ မော့ကြည့် အထင်ကြီးနေရတာကို အဟုတ်ကြီးဆိုတော့၊ သားသမီးမရှိတဲ့ ကိုဒေါင်းနီဟာ မနက်ခင်း ဝေလီဝေလင်းမှာ စက်ဘီးတစ်စီးနဲ့ ကြက်သားဖြစ်ဖြစ်၊ အမဲသားဖြစ်ဖြစ်၊ အခြားတောကောင်သတ္တဝါသားပဲဖြစ်ဖြစ် မုံရွာမြို့ပေါ် တက်ရောင်းပြီး နေ့ခင်း ၁၁ နာရီလောက် ပြန်လာ၊ တစ်ရေးတစ်မောအိပ်၊ ပြီးရင် ရွာလယ်က လူစုစုရှိတဲ့ဆီ သွားပြီး သူမြို့ပေါ်မှာ ကြုံခဲ့ရတဲ့ အထူးအဆန်းတွေပြောပြီး ဆရာကြီးလုပ်တော့တာပဲ။ ဒါန်းပင်ရိုး ဆိုတာကလည်း ယာအလုပ်၊ ကိုင်းအလုပ်နဲ့ နေကုန်နေခန်းလုပ်ရပြီး မြို့ပေါ်ကို တစ်နှစ်နေလို့မှတစ်ခါ မရောက်နိုင်တဲ့ လူတွေချည်းဆိုတော့ ကိုဒေါင်းနီမို့ပြန်လာပြီဆိုရင် ပြောင်းရိုးစင်းတာတို့၊ ဆီဆုံပွတ်တာစတဲ့ လုပ်လက်စအလုပ်ကို ခဏချပြီး တစ်မော့တော့ လာနားထောင်ကြတဲ့ လူတွေချည်းပဲ။ တစ်နေ့တာရဲ့ ကြုံရသမျှတွေ ကိုဒေါင်းနီ ဖောက်သည်ချပြီးပြီဆိုတော့မှ ကိုယ့်အလုပ်ဆီ ပြန်သွားကြ။ ကိုဒေါင်းနီအဖို့ရာမှာလည်း ဒီလို ပြောလိုက်ရပြီးမှ တစ်နေ့စာ ပြီးတော့တာရယ်။ သူ့ရွာနဲ့သူတော့ ခဲလို့ ဆိုပါတော့။ အဲသလို တင်းတိမ်သွားပြီဆိုမှ အိမ်ဘက်ပြန်ပြီး မတင်လုံး ခူးခပ်ပေးတဲ့ ထမင်းများ စားလို့ ပြီးတာနဲ့ နေ့ခင်းနေ့လယ် ၂ နာရီလောက်ကျရင် သူမွေးမြူထားတဲ့ ကြက်တူရွေး၊သာလိကာ၊ ငုံး၊ ခါ၊ ခို၊ ကြက်စတဲ့ အကောင်ပလောင်တွေ နှိုက်တော့တာပဲ။ ဒါတွေကျရင် စီးပွားရေးနဲ့ မဆိုင်ဘူး။ ဝါသနာပါလို့သာ မွေးနေတာရယ်။ သူ့ဝါသနာက တစ်မျိုး။ ကိုဒေါင်းနီဟာ ဒီအကောင်ပလောင်တွေ အပေါ်ကျရင် သူများတကာ အသားပေါ်ရောင်းရတဲ့ သားထိုးသည်မဟုတ်တဲ့အတိုင်း။ ■

(စာ ၇၂ မှ)

## ဒဏ္ဍာရီဆန်ဆန် ချစ်ခဲ့သလား

| | |
|---|---|
| စာရေးသူ | = ဆန်းငယ်သွေး(ပုတီးကုန်း) |
| ထုတ်ဝေသူ | = ယဉ်မျိုးစာအုပ်တိုက် |
| တန်ဖိုး | = ၂၅၀၀ ကျပ် |




**ညီထွန်းလင်း**

ယခုနှစ်အတွက် စုဒ္ဒသမ အကြိမ်မြောက် ရွှေအမြုတေစာပေဆုပေးပွဲတွင် မျိုးဆက်သစ်စာပေဆု ရရှိခဲ့သည့် ဆရာဆန်းငယ်သွေး ပုတီးကုန်း၏ ဝတ္ထုစုစည်းမှုဖြစ်ပါသည်။ ဒီစာအုပ်ရဲ့ ထူးခြားချက်ကတော့ ဝတ္ထုစုစည်းမှု ခေါင်းစဉ်အောက်တွင် တစ်မျက်နှာဝတ္ထု၊ ဝတ္ထုတို၊ ဝတ္ထုရှည် စသည့် ပုံစံသုံးမျိုးကို စုစည်းထားခြင်းဖြစ်သည်။ တစ်အုပ်ထဲတွင် စာပေလက်ရာပုံစံ သုံးမျိုးဖတ်ရှုရမည် ဖြစ်သည်။ ယခုစာအုပ်တွင် ပါရှိသော စာမူများမှာ မဂ္ဂဇင်းအသီးသီးတွင် ဖော်ပြခံခဲ့ရပြီးဖြစ်သည်။

“ပန်းနုနဲ့ မတွေ့ရတာ သုံးလလောက် ကြာသွားပြီ။ ဒီကြားထဲမှာ ဖုန်းနဲ့သာ အဆက်အသွယ်ရခဲ့တယ်။ အခုတော့ သူ နောက်လေးငါးရက်အတွင်းမှာပဲ စင်ကာပူကို အလုပ်သွားလုပ်ရဖို့ဖြစ်လာခဲ့ပြီ။ နွေရာသီတုန်းက ခဏ ပြန်လာတဲ့စင်ကာပူမှာ အလုပ်လုပ်သူ ထွန်းလင်းရဲ့ အကူအညီတွေ အများကြီးပါပါတယ်။ သူ့ရဲ့အဆက်အသွယ်နဲ့ သွားရမှာ။

မေမေ ဒေါ်မြင့်မိုရ်ခင်က သူ့အတွက် သွားဖို့စရိတ်တွေ၊ လေယာဉ်လက်မှတ်တွေ၊အဲဒါတွေအားလုံး စီစဉ်ပေးပြီးပြီ။ လူဘုန်းမြင့်အနေနဲ့ မဖြစ်မနေ အလုပ်လုပ်ရတော့မယ်မှန်း သိထားပေမယ့် ဒီလောက်မြန်မြန်ဆန်ဆန် ခရီးထွက်ရလိမ့်မယ်လို့ ထင်မထားခဲ့။ အိမ်ရဲ့စီးပွားရေးကလည်း တရိပ်ရိပ်ကျဆင်းလာပြီလေ။ အဖေ မရှိတော့တဲ့နောက်ပိုင်း မေမေ တစ်ယောက်တည်း ရုန်းကန်ပြီး သူတို့မောင်နှမ နှစ်ယောက်ကို ကျွေးမွေးကျောင်းထားခဲ့ရတာ။ အဖေရှိတုန်းကလို အသုံးအစွဲမလျှော့နိုင်ဘဲ နေမြဲ၊ သွားမြဲ၊ စားမြဲ၊သုံးမြဲဆိုတော့ ကြွေးတင်တဲ့အထိ ဖြစ်လာရတာ ဘာမှမဆန်း။

မေမေကတော့တစ်လမ်းတည်းမှာနေတဲ့ “ချယ်ရီသင်းနဲ့ လက်ထပ်ရမယ်နော်”ဆိုပြီး ဒါပဲပြောနေတာ။ ချယ်ရီသင်းတို့ မိသားစုက စီးပွားရေးအသင့်အတင့် ချောင်လည်တော့ စီးပွားရေးကျပ်တည်းမှုရဲ့ ထွက်ပေါက်အနေနဲ့ မေမေက လက်ထပ်စေချင်တာလားလို့ သူတွေးမိတယ်။ ချယ်ရီသင်းက အဝတ်အစား ခေတ်ဆန်ဆန်၊ ဆံပင်ဆေးဆိုး၊ တစ်ကိုယ်လုံးပေါင်းတင်၊ ဆေးခြယ်လုပ်နေလွန်းတော့ လှတယ်ထင်ရပေမယ့် ခင်မင်ရင်းနှီးနေတဲ့တိုင် ရင်ခုန်စိတ်လှုပ်ရှားမှုတို့ မဖြစ်။

အခုတော့ သူ့ရဲ့ရင်မှာ ပန်းနုရှိပြီလေ။ ပန်းနုထံ ဖုန်းဆက်ပြီး အကျိုးအကြောင်းပြောဖြစ်တယ်။ သိပ်ပြီး လွမ်းတဲ့အကြောင်း ချစ်တဲ့အကြောင်း၊ နိုင်ငံခြားသွား အလုပ်မလုပ်ခင် တွေ့ချင်သေးတဲ့အကြောင်း။ ■

(စာ- ၁၃၆ မှ)

# ဘာကြောင့် UVနေကာမျက်မှန်ကို ဝတ်ဆင်သင့်သလဲ

လူတိုင်းလူတိုင်းသည် နေကာမျက်မှန်ကို ရည်ရွယ်ချက်မျိုးစုံဖြင့် ဝတ်ဆင်ကြသည်။ တချို့က နေကာမျက်မှန်ကို ဖက်ရှင်အတွက် အသုံးပြုကြသည်။ တချို့က မျက်လုံးကျန်းမာရေးအတွက် အကာအကွယ်အနေဖြင့် အသုံးပြုကြသည်။

မည်သို့ပင်ဆိုစေကာမူ နွေရာသီကဲ့သို့ အပူပြင်းသည့်အချိန်တွင် အပြင်ထွက်မည်ဆိုလျှင် နေကာမျက်မှန်ကို မဖြစ်မနေဝတ်ဆင်သင့်ပေသည်။ နေရောင်ခြည်တွင်ပါဝင်သည့် UVB နှင့် UVA တို့သည် မျက်ကြည်လွှာ ပျက်စီးခြင်း၊ အမြင်အာရုံချို့ယွင်းခြင်း စသည်တို့သာမက မျက်လုံးကင်ဆာကိုပါ ဖြစ်စေနိုင်လေသည်။ နေကာမျက်မှန်တွင်လည်း သာမန် နေကာမျက်မှန်နှင့် UV နေကာမျက်မှန်ဟူ၍ နှစ်မျိုးရှိသည်။ UV နေကာမျက်မှန်သည် မျက်လုံးကို ထိခိုက်ပျက်စီးစေနိုင်သည့် UVB နှင့် UVA ရောင်ခြည်များကို ၉၉ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်သည်။

ထို့ကြောင့် နေကာမျက်မှန်ဝယ်ယူမည်ဆိုလျှင် ပစ္စည်းအညွှန်းတွင် 100%UVA/UVB အမှတ်အသားပါသည့် နေကာမျက်မှန်ကို ဝယ်ယူ ဝတ်ဆင်သင့်သည်။ UV နေကာမျက်မှန် ဝတ်ဆင်လိုက်ခြင်းအားဖြင့် ရရှိလာနိုင်မည့်အကျိုးကျေးဇူးများကို ဤဆောင်းပါးတွင် မျှဝေပေးလိုက်ပါသည်။

(၁) မျက်လုံးကင်ဆာဖြစ်ခြင်းမှ ကာကွယ်ပေးခြင်း

မျက်လုံးအနားတစ်ဝိုက်ရှိ အရေပြားများသည် အလွန်နုနယ်လေသည်။ အရေပြားကင်ဆာဖြစ်ပွားမှုနှုန်း၏ ၁၀ ရာခိုင်နှုန်းသည် မျက်လုံးအနားတစ်ဝိုက်တွင် ဖြစ်သည်ဟု ပညာရှင်များကအတည်ပြုထားလေသည်။ UV နေကာမျက်မှန်ဝတ်ဆင်ခြင်းသည် မိမိတို့၏မျက်လုံးကို ထိခိုက်ပျက်စီးမှုမှကာကွယ်ပေး၍ မျက်လုံးကင်ဆာဖြစ်ပွားမှုနှုန်းမှ လျှော့ချပေးသည်။

(၂) မျက်လုံး အတွင်းတိမ်ဖြစ်ခြင်းမှ ကာကွယ်ပေးခြင်း

ခရမ်းလွန်ရောင်ခြည် ထိတွေ့မှုများလျှင် မျက်လုံးအတွင်းတိမ် ဖြစ်ပေါ်စေသည်။ အဆိုးဆုံးအနေဖြင့် အမြင်အာရုံ ပျောက်ကွယ်သွားသည်အထိ ဖြစ်ပေါ်စေသောကြောင့် နေပူထဲသို့သွားမည်ဆိုလျှင် UV နေကာမျက်မှန်ကို ဝတ်ဆင်၍ သွားသင့်ပေသည်။

(၃) မျက်လုံးနာကျင်ခြင်းမှ သက်သာစေခြင်း

အပူချိန်မြင့်မားသည့် နေရောင်အောက်တွင် အချိန်အတော်ကြာအောင် အာရုံစိုက်နေရလျှင် မျက်လုံးနာကျင်ခြင်း၊ ကျိန်းစပ်ခြင်းများဖြစ်ပေါ်လာစေသည်။ UV နေကာမျက်မှန် ဝတ်ဆင်ထားမည်ဆိုလျှင် မျက်လုံးကျိန်းစပ်ခြင်းမှ ကာကွယ်ပေး၍ မျက်လုံးကို သက်သောင့်သက်သာဖြစ်စေသည်။

(၄) အမြင်အာရုံချို့ယွင်းလာခြင်းမှ တားဆီးပေးခြင်း

မိမိတို့မျက်လုံးသည် ခရမ်းလွန်ရောင်ခြည် ထိတွေ့မှုများလျှင် အရွယ်မတိုင်မီ အမြင်အာရုံချို့ယွင်းမှုကို စောစီးစွာခံစားရ စေသည်။ UVနေကာမျက်မှန် တပ်ဆင်ခြင်းသည် မိမိတို့မျက်လုံးကို သက်သောင့်သက်သာဖြစ်စေ၍ အမြင်အာရုံချို့ယွင်းခြင်းမှ တားဆီးပေးလေသည်။

မိမိတို့အနေဖြင့် နေပူထဲသို့သွားမည်ဆိုလျှင် အသားအရေပျက်စီးမှု မရှိစေရန်အတွက် အကာအကွယ်ပြုလုပ်၍ သွားမည်မှာ သေချာပေသည်။ ထို့အတူ မိမိတို့၏မျက်လုံးများ အန္တရာယ်မဖြစ်စေရန် အတွက်လည်း နေပူထဲသို့သွားမည်ဆိုလျှင် နေကာမျက်မှန်ဝတ်ဆင်၍ သွားသင့်ပေသည်။ ■

# ကန်ပိုက်တည် နယ်စပ်ကို ဖြတ်သန်းလာတဲ့ ခိုးဝင်တရုတ်နိုင်ငံသား ၁၀ ဦးကို အကျဉ်းထောင်ပို့

မေ-၂၈

**မြန်**မာ - တရုတ် နယ်စပ် ကန်ပိုက်တီတွင် ခွင့်ပြုချက်မယူဘဲ ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၅ ဦးကို ဆဒုံးမြို့တွင် မေ ၂၆ ရက်က ဖမ်းဆီးရမိခဲ့ပြီး မြစ်ကြီးနားအကျဉ်းထောင်သို့ ပို့လိုက်ပြီဖြစ်ကြောင်း သိရသည်။

ယင်း တရုတ်အမျိုးသားများသည် ဆဒုံးနယ်မြေလုံခြုံရေးဂိတ်၏ တားဆီးစစ်ဆေးမှုကို မခံယူဘဲ ဆိုင်ကယ်၅စီးဖြင့် မောင်းပြေးသွားသောကြောင့် လိုက်လံစစ်ဆေးရာတွင် ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း ဝိုင်းမော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းကျော်က ပြောသည်။

"တရုတ် မဟုတ်ဘူး။ ဘယ်နိုင်ငံသားပဲ ဖြစ်ဖြစ်၊ ဘယ်ကဖြစ်ဖြစ် တရားမဝင်ဝင်လာရင်တော့ ဖမ်းမှာပဲ။ အကုန်ဖမ်းရမှာပဲဟု ရဲမှူးမှ ပြောသည်။

အဆိုပါဖမ်းဆီးခံတရုတ်အမျိုးသား (၁၀)ဦး သည် ယူနန်ပြည်နယ်၊ ရင်ကျန်းမြို့၊ ကွင်းနားကျေးရွာတွင် နေထိုင်သောသူများ ဖြစ်ကြောင်း ထွက်ဆိုချက်များအရ သိရသည်။

လက်ရှိ ခိုးဝင်တရုတ်နိုင်ငံသားများကို လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

လွန်ခဲ့သော မတ်လအတွင်းကလည်း ဝိုင်းမော်မြို့နယ်အတွင်း သစ်တောကြိုးဝိုင်းများတွင် တစ်သျှူးငှက်ပျော တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်နေသည့် အထောက်အထားမဲ့ တရုတ်နိုင်ငံသားများကိုလည်းသက်ဆိုင်ရာမှ ဖမ်းဆီးအရေးယူထားမှုလည်း ရှိခဲ့သည်။ ■

Ah Je

# စက်လှေဖြင့်သယ်လာသည့် ကျွန်းသစ်များကို ဝိုင်းမော်သစ်တောဖမ်းဆီး



မေ ၃၀

**ဧ**ရာဝတီမြစ်ရိုးအတိုင်း စက်လှေဖြင့် သယ်လာသော ကျွန်းသစ်များကို ဝိုင်းမော်မြို့နယ်၊ စန်းကားကျေးရွာအုပ်စု၊ မိုင်းမောကျေးရွာအနောက်ဘက်ကမ်းတွင် ဖမ်းဆီးလိုက်ကြောင်း သိရသည်။

ဝိုင်းမော်မြို့နယ် သစ်တောဦးစီးဌာနက အမှတ်(၃၆) ခြေလျင်တပ်ရင်း၊ စစ်ဘက်ရေးရာ လုံခြုံရေးအဖွဲ့(စရဖ)၊ စန်းကား ကျေးရွာအကြီးအကဲများနှင့် ပူးပေါင်းကာ မေလ ၁၃ ရက်နေ့တွင် ဖမ်းဆီးခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးမှူး ဦးဆိုင်းလာက ပြောသည်။

"မြစ်ရိုးတစ်လျှောက်လာတာ ဒီဘက်ဝိုင်းမော်ဘက်ကမ်းရောက်တော့ ကျွန်တော်တို့အပိုင်း ဖြစ်တော့ ကျွန်တော်တို့ တာဝန်ရှိသက်ဆိုင်ရာနဲ့ပေါင်းပြီး အရေးယူလိုက်တာ"ဟု သစ်တောဦးစီးမှူးက ပြောသည်။

အဆိုပါသစ်များကို မြစ်ကြီးနားမြို့ဘက်မှ ဝိုင်းမော်ဘက်သို့ စက်လှေဖြင့် သယ်ဆောင်လာချိန် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရပြီး ဖမ်းဆီးရမိသော တရားမဝင်ကျွန်းသစ်ခွဲသား ဆိုဒ်စုံ ၂၄၂ ချောင်း၊ စုစုပေါင်း ၈ ဒသမ ၇၄၈၈ တန် ရှိကြောင်း သိရသည်။

တရားမဝင် ကျွန်းသစ်များ သယ်ဆောင်လာသူ အောင်မင်းကို သစ်တောဥပဒေပုဒ်မ - ၄၃ (က) အရ ဝိုင်းမော် ရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

ထိုသို့ တရားမဝင်သစ်များကို ဖမ်းဆီးအရေးယူနိုင်ခြင်းသည် ယခုအစိုးရသက်တမ်းတွင် အအောင်မြင်ဆုံးအားအရဆုံး လုပ်ရပ်တစ်ခုဖြစ်သည်ဟု ကချင်ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီး ဦးဒါရှီလဆိုင်းက မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။ ■

Ah Je

# မြန်မာနိုင်ငံသို့ ဝင်ရောက်သော တရုတ်နိုင်ငံခြားသားများကို ပြည်ဝင်ဗီဇာ စည်းကမ်းဖောက်ဖျက်မှုကြောင့် ဖမ်းဆီးမှုပိုများနေ



မေ ၃၁

**မြန်**မာနိုင်ငံအတွင်းသို့ ဝင်ရောက်သော တရုတ်နိုင်ငံသားများကို ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေ ၄(၁) အရ အရေးယူဆောင်ရွက်မှုက ပိုများနေကြောင်း ဝိုင်းမော်မြို့နယ်ဦးစီးမှူးရုံးမှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးစိုးမင်းက ပြောသည်။

" ဗီဇာစည်းကမ်းဖောက်ဖျက်မှုကြောင့်က အများဆုံးပေါ့။ ဒုတိယအများဆုံးက တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးမှုပေါ့" ဟု မြို့နယ်ဦးစီးမှူး ဦးစိုးမင်းက ပြောသည်။

နိုင်ငံခြားသားများအနေဖြင့် မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာချိန်တွင် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည် ဖြစ်ကြောင်းနှင့် နိုင်ငံခြားသားများ မှတ်ပုံတင်ရေးနည်းဥပဒေ တစ်ခုခုကို ချိုးဖောက်ပါက အရေးယူ ဆောင်ရွက်ရမည် ဖြစ်ကြောင်း ဦးစိုးမင်းက ဆက်လက်ရှင်းပြသည်။

ထိုသို့ ဥပဒေချိုးဖောက်ပါက အနည်းဆုံးထောင်ဒဏ် ၆လ မှ အများဆုံး ထောင်ဒဏ် ၅နှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ် ၁၅၀၀ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေစီရင်ခြင်းခံရမည်၊ အမည်မည်းစာရင်း သွင်းခံရခြင်းနှင့် ပြည်နှင်ဒဏ်ပေးခြင်းတို့ကို ခံရမည်ဖြစ်ကြောင်း ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှု ကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ)အက်ဥပဒေတွင် ပြဋ္ဌာန်းထားသည်။

ဗီဇာစည်းကမ်းချက်များတွင် မြန်မာနိုင်ငံမှထုတ်ပေးသော ဗီဇာသက်တမ်းသည် နိုင်ငံခြားသား ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်သက်တမ်းထက် မကျော်လွန်စေရ၊ မြန်မာနိုင်ငံ၏ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိခိုက်ပျက်ပြားအောင် ပြုမူနေထိုင်ခြင်းမပြုရ၊ နှုတ်အားဖြင့်ဖြစ်စေ၊ ကိုယ်အမူအရာဖြင့်ဖြစ်စေ၊ နိုင်ငံတော်အပေါ် အကြည်အညိုပျက်အောင် ပြုမူခြင်း၊ နိုင်ငံတော်မူဝါဒနှင့်ဆန့်ကျင်ခြင်းမပြုရ ဆိုသည့်အချက်များနှင့် ကန့်သတ်ထားသောနယ်မြေများသို့ သွားရောက်ခြင်းမပြုရ စသည့် စည်းကမ်းချက်များ ပါရှိသည်။

မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာသော နိုင်ငံခြားသားများ လိုက်နာဆောင်ရွက်ရမည့် ဥပဒေ စည်းမျဉ်းစည်းကမ်း ဆိုင်းဘုတ်များကို ခတ်ချိုရွာအဝင် လမ်းဆုံ၊ ဝိုင်းမော်မြို့ အဝင်အထွက်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဆိုင်ရာ ဝိုင်းမော်မြို့နယ် ဦးစီးမှူးရုံးတို့တွင် စိုက်ထူထားခြင်း ဖြစ်ပြီး ဆက်လက်၍ ဝိုင်းမော်လူဝင်မှု ကြီးကြပ်ရေးအနေဖြင့် ဝိုင်းမော်မြို့တွင်း၌လည်း နိုင်ငံခြားသားများ စည်းကမ်းနှင့်အညီ နေထိုင်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးမင်းက ပြောသည်။

"ဥပဒေချိုးဖောက်တာက တချို့ကလည်း မသိလို့ ချိုးဖောက်ကြတယ်။ စည်းကမ်းလိုက်နာရန် ဝိုင်းမော်မြို့တွင်းမှာ အသိပညာပေး ဆိုင်းဘုတ်စိုက်ဖို့ အစီအစဉ်ရှိပါတယ်"ဟု ၎င်းကပြောသည်။

ယခုနှစ် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်း ချက်များ) အက်ဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားမှုတွင် တရုတ်နိုင်ငံသား ၅၂ ဦးနှင့် မြန်မာနိုင်ငံသား ၄ ဦး ပါဝင်ကြောင်း ဝိုင်းမော်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဝိုင်းမော်မြို့နယ် ဦးစီးမှူးရုံးမှ သိရသည်။ ■

မျိုးမြတ်မြတ်ပန်

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဇွန် ၃ ၊ ၂၀၁၉ )

# တပ်သိမ်းမြေကိစ္စ ဆွေးနွေးရန် ရွာသားများကို ချိန်းဆိုထားသော်လည်း တပ်မတော်တာဝန်ရှိသူများ ရောက်မလာခဲ့



မေ ၃၁

**ဝိုင်း** မော်မြို့နယ်၊ ရွှေညောင်ပင်ကျေးရွာတွင် တပ်မတော်က သိမ်းယူထားသည့် မြေယာကိစ္စနှင့်ပတ်သက်၍ မေလ ၃၁ ရက်နေ့တွင် ရွာသားများနှင့် တွေ့ဆုံဆွေးနွေးမည်ဟု ပြောဆိုထားသော်လည်း တပ်မတော်မှ တာဝန်ရှိသူများက လာရောက်ဆွေးနွေးခြင်း မရှိကြောင်း သိရသည်။

ရွှေညောင်ပင်ကျေးရွာရှိ လယ်ယာမြေ၊ အိမ်ခြံဝန်းကိစ္စ၊ ကျေးရွာ၏သုသာန်ကိစ္စနှင့်ပတ်သက်ပြီး တပ်မြေဟုဆိုကာ ခလရ (၃၂၁) တပ်မှ သိမ်းယူသည့် ကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးရန်အတွက်ဟု ဆိုသည်။

ရွှေညောင်ပင် ကျေးရွာရှိ သင်္ချိုင်းမြေကို တပ်ပိုင်မြေဟုဆိုကာ တပ်မတော်မှရွှေ့ခိုင်းသဖြင့် သင်္ချိုင်းမြေနေရာ ၃ ပုံ ၂ ပုံခန့်ကို ရွှေ့ပေးပြီးဖြစ်သော်လည်း မြှုပ်နှံပြီးသားအုတ်ဂူများကိုပြန်လည်ရွှေ့ပေးရန်ထပ်မံတောင်းဆိုလာသဖြင့် ဒေသခံ ရွာသူရွာသားများက ကန့်ကွက်သည်ကို ဆွေးနွေးရန်ဖြစ်ကြောင်းလည်း သိရသည်။

ရွှေညောင်ပင် ကျေးရွာသား အများစုသည် ၎င်းတို့၏ အိမ်ခြံမြေနှင့် လယ်ယာမြေများကို တပ်ပိုင်မြေအဖြစ် သိမ်းဆည်းခံနေရသည့်အတွက် မြေကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးရန် အကြောင်း ကြားထားသော်လည်း လာရောက် ဆွေးနွေးခြင်းမပြုခြင်းမှာ မဖြစ်သင့်ကြောင်း ရွှေညောင်ပင် ဒေသခံ ဦးထွန်းဝင်းက သုံးသပ်သည်။

"ကျွန်တော်တို့က အမြဲဒီလိုခံနေရတာတစ်ခါလည်း မဟုတ်ဘူး၊ နှစ်ခါလည်း မဟုတ်ဘူး။ ဒီပြဿနာက ဒီနေ့လည်းကြည့် ရပ်ကွက်က လူတွေခေါ်စုပြီး ဘာမှ မပြောဘဲ ပြန်သွားပြီ။ သင်္ချိုင်းဆိုတာကလည်း တစ်ရွာလုံးအတွက် အသုံးဝင်တယ်လေ"ဟု ဦးထွန်းဝင်းမှ ပြောသည်။

တပ်မတော်မှ တာဝန်ရှိသူများသည် အဆိုပါမြေနေရာများကို လာရောက်ကြည့်ရှုနေစဉ်တွင် ရွာသူများသားများအုပ်စုလိုက် လိုက်လံကြည့်ရှု သဖြင့် လှည့်ပြန်သွားကြောင်း ဦးထွန်းဝင်းမှ ဆက်လက်ပြောသည်။

ရွှေညောင်ပင် ကျေးရွာတွင် လယ်ယာမြေကို ၁၀ နှစ်ခန့် လုပ်ကိုင်ပြီး ယခုချိန်တွင်တပ်ပိုင်မြေအဖြစ် သိမ်းခံရသောကြောင့် အခက်အခဲဖြစ်နေကြောင်း ဦးယေရှုက ပြောသည်။

"အရင်ကဆို တောင်ယာလုပ်ထားတဲ့တဲတွေ ငှက်ပျောခြံထဲမှာ အခုထိ ရှိသေးတယ်။ တခြားလယ်တွေ အကုန်ပါသွားပြီ။ လယ်နည်းနည်းပဲ ကျန်တော့တယ်"ဟု ဦးယေရှုမှ ပြောသည်။

လယ်ယာမြေများကို သိမ်းခြင်းနှင့် ပက်သက်ပြီး မြို့နယ် အဆင့်ပြည်နယ်အဆင့်၊နိုင်ငံတော်သမ္မတထံ ၅ကြိမ်တိုင်တိုင် စာတင်ခဲ့သော်လည်း ထူးခြားမှုမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အချို့သော သိမ်းဆည်းပြီး လယ်ယာမြေများကို တရုတ်တစ်သျှူး ငှက်ပျောများစိုက်ထားပြီးဖြစ်ကြောင်း သိရသည်။

လယ်ယာမြေများသင်္ချိုင်းမြေများသာမက လူနေအိမ်ခြေများလည်း တပ်ပိုင်မြေဟုဆိုကာ သိမ်းယူခြင်းဖြစ်ကြောင်း၊ တပ်ပိုင်မြေအဖြစ် သိမ်းဆည်းထားသော အိမ်ခြံမြေ ၃၆ ကွက်တွင် တပ်မတော်တွင် လက်ရှိတာဝန်ထမ်းဆောင်နေသူများ၏ အိမ်ခြံဝန်းများလည်း ပါဝင်ကြောင်း တပ်မတော်အငြိမ်းစား ဦးအောင်ကျော်မင်းက ပြောသည်။

"တပ်ပိုင်မြေဆိုတာ တရုတ်တွေဝင်လာမှ သိမ်းသွားတာ သူတို့ဘက်က အထောက်အထား ဘာမှ မရှိဘူး။ ဇဂိယာက မသတ်မှတ်ထားဘူး။ ဒါကို ကျူးကျော်လို့ ပြောလို့မရဘူး"ဟုဦးအောင်ကျော်မင်းမှ ပြောသည်။

အစိုးရမှ ထုတ်ပေးထားသော တောင်ယာပြေစာများမှာလည်း အသုံးပြု၍မရတော့ကြောင်း တပ်မတော်မှ ပြောကြားခဲ့ကြောင်း ဦးလောအုန်းမှ ပြောသည်။

"အရင်ကဆိုရင် စပါးစိုက်တယ်၊ တောင်ယာစိုက်တယ်၊ အဆင်သိပ်မပြေလို့ အခု တညင်းသီးစိုက်တယ်။ ပြေစာရှိရင်လည်း အခုက တပ်ပိုင်ဆိုတာက နည်းနည်းတော့လွဲနေတယ်"ဟု ဦးလောအုန်းမှ ပြောသည်။

ရွှေညောင်ပင် ကျေးရွာသည် ၁၉၆၆ ခုနှစ်တွင် စတင်ရွာတည်ခဲ့ပြီး မြန်မာ့တပ်မတော် အမှတ်(၃၂၁)ခြေလျင်တပ်ရင်းသည် ၁၉၉၁ ခုနှစ်တွင် စတင်စခန်းချခဲ့ကြောင်း သိရသည်။

အရင်ချိန်က တပ်နယ်မြေမှာ ၉၆၄ ဧက ကျယ်ဝန်းသော်လည်း ယခုချိန်တွင် တပ်မြေမှာ ဧက ၂၀၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း ရွာသားများက ပြောသည်။ ■

Ah Je

# ဒေသခံတို့၏ လယ်များ ဝိုင်းရံထားသည့် ကုန်းမြေတွင် ကြံစိုက်ပျိုးနေမှုကို ခူးလီတောင်သူများ အလိုမကျ



မေ ၃၀

**ဗန်း**မော်မြို့နယ်၊ ခူးလီကျေးရွာ၊ ခူးလီကွင်းရှိ လယ်မြေများဝန်းရံထားသော အကွက်အမှတ်(၁၇၁) ကုန်းမြေနေရာတွင် ကြံစိုက်ပျိုးရန်အလို့ငှာ မြေလွတ်၊မြေလပ်နှင့် မြေရိုင်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်းကို ခွင့်မပြုသင့်ကြောင်း ဒေသခံတောင်သူများက ပြောသည်။

လျှောက်ထားသည့် လုပ်ငန်းရှင်အမျိုးသား လေးဦးမှာ ဗန်းမော်မြို့၊ သာစည်ရပ်ကွက်နေ ဦးမောင်မောင်၊ လွယ်ဂျယ်မြို့နေ ဦးကျော်စောဦး၊ ခူးလီကျေးရွာနေ ဦးထွန်းရွှေနှင့် ဦးယုံဝါတို့က အခကြေးငွေယူ၍ မြေငှားစာချုပ်ချုပ်ဆိုကာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်က ငှားရမ်းခဲ့ကြောင်း တောင်သူများ၏ ပြောပြချက်အရ သိရသည်။

အဆိုပါကုန်းမြေများကို ဗဟိုကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့၏ ခွင့်ပြုချက်လည်း မရရှိ၊ ဒေသခံတောင်သူ များကလည်း သဘောမတူဘဲစက်ယန္တရားကြီးများဖြင့် မြေတူးကာ ကြံ

> “ကျွန်တော်တို့ တောင်သူတွေအားလုံးက သဘောမတူဘူး ဟုတ်တယ်။ သူတို့က ခွင့်ပြုချက်မရဘဲ လုပ်လိုက်တော့ တောင်သူတွေ နစ်နာမှုတွေ ရှိနေရတယ်။ တချို့ကိုကြတော့ နစ်နာကြေးဆိုပြီး ၂ သိန်းပေးပြီး နှစ်သိမ့်လိုက်ကြတယ်”

စိုက်ပျိုးထားခြင်းကို သက်ဆိုင်ရာမှ အမြန်ဆုံး ကွင်းဆင်း စစ်ဆေးပေးစေလိုသည်ဟုလည်း တောင်သူ ဦးဇော်တူးဒန်ကပြောသည်။

“ကျွန်တော်တို့ တောင်သူတွေအားလုံးက သဘောမတူဘူး ဟုတ်တယ်။ သူတို့က ခွင့်ပြုချက်မရဘဲ လုပ်လိုက်တော့ တောင်သူတွေ နစ်နာမှုတွေ ရှိနေရတယ်။ တချို့ကိုကြတော့ နစ်နာကြေးဆိုပြီး ၂ သိန်းပေးပြီး နှစ်သိမ့်လိုက်ကြတယ်။ ဒီလိုကိစ္စတွေ မဖြစ်ရလေအောင် အမြန်ဆုံး ဖြေရှင်းပေးကြပါ” ဟု ဦးဇော်တူးဒန်က ပြောသည်။

လုပ်ငန်းရှင်တစ်ဦး ဖြစ်သည့် ဦးမောင်မောင်ကမူ ထိုမြေနေရာကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ကျေးရွာဘုံမြေအဖြစ် သတ်မှတ်ကာ တစ်ဧက ၅ သောင်းနှုန်းဖြင့် ၁၀၈ ဧကကို လုပ်ငန်းရှင် ၄ ဦးကို နှစ် ၂၀ စာချုပ်ချုပ်ပြီး ကျေးရွာရန်ပုံငွေအဖြစ် ငှားရမ်းခဲ့ကြောင်း၊ နှစ်စဉ်မြေငှားရမ်းခ တစ်ဧက ၅ သောင်းအပြင် တစ်နှစ်လျှင် တစ်သောင်းထပ်မံတိုးကာ မြေငှားရမ်းခ ပေးရန်အတွက်လည်း စာချုပ်ချုပ်ဆိုထားကြောင်း ပြောသည်။

“ကျွန်တော်တို့အနေနဲ့ ဒီမြေတွေကို ယူမသွားပါဘူး။ ရွာမြေအဖြစ်ပဲ လျှောက်ပြီး စိုက်ဖို့လုပ်နေတာပါ။ ဒါကို တချို့တောင်သူတွေက နားမလည်ဘဲနဲ့ ကန့်ကွက်နေတာပါ။ ပြေလည်အောင်ကျွန်တော်တို့ ရှင်းနေပါတယ်။ ဒီမြေကို ပုဂ္ဂလိကကုမ္ပဏီနာမည်ဖြစ်အောင်လည်း မလုပ်ပေးပါဘူး”ဟု ဦးမောင်မောင်က ရှင်းပြသည်။

သို့သော် ကြံလုပ်ငန်းရှင်များက တောင်သူတို့၏ လယ်ကွက်များကို ခွင့်ပြုချက်မရဘဲ မိမိစိတ်တိုင်းကျ ခြံစည်းရိုးကာယူခြင်း၊ ၎င်းတို့ တူးဖော်ထားသော သစ်မြစ်များနှင့် မြေစာများကို လယ်ကွင်းများ၌ စုပုံထားခြင်းတို့ကြောင့် လယ်သမားများ ယခုနှစ် စပါးမစိုက်ပျိုးမီ အမြန်ဆုံး ရှင်းလင်းပေးစေလိုသည်ဟု ဒေါ်အေးရီကပြောသည်။

“သက်ဆိုင်ရာက ကွင်းဆင်းတုန်းက ခြံစည်းရိုးတွေကို ၅ ရက်အတွင်း ဖြုတ်ခိုင်းထားတယ်။ ပြီးတော့ မြေစာပုံနဲ့ သစ်မြစ်တွေကို ၁ လအတွင်းရှင်းဖို့ ပြောထားတာ အခုဆို ရက် ၂၀ ရှိတော့မယ်။ ကြံစိုက်တဲ့လုပ်ငန်းရှင်တွေက ဘာမှမလုပ်သေးဘူး”ဟု ဦးဇော်တူးဒန်က ပြောသည်။

လုပ်ငန်းရှင် ဦးမောင်မောင်က“ကျွန်တော်တို့က ရှင်းပေးနေပါတယ်။ မရှင်းနိုင်တာကို ကျွန်တော်တို့ လယ်သမားတွေနဲ့ ညှိနှိုင်းပြီးတော့ နစ်နာကြေးတွေ ပေးခဲ့ပြီးပြီ။ ကြံစိုက်ဖို့ မြေရှင်းတာ ကျွန်တော်တို့ တစ်ဧကကို ၁၆ သိန်းလောက် ကုန်ထားပါတယ်။ တကယ်လို့သူတို့ ဒီလိုသာ ဆက်ကန့်ကွက်နေရင် ကျွန်တော်တို့ရဲ့ ကုန်ကျငွေကို ပြန်ပေးစေချင်ပါတယ်”ဟု ပြောသည်။

ဒေသခံ တောင်သူများ အနေဖြင့် အဆိုပါမြေများ၌ စပါးပျိုးကျဲခြင်း၊ ရာသီအလိုက် ပဲ၊ ပြောင်း၊ နှမ်းများ စိုက်ပျိုးခြင်းတို့ ဆောင်ရွက်သည့်အပြင် ကျွဲ၊ နွားများ လွတ်ကျောင်းရာ စားကျက်မြေများအဖြစ် အသုံးပြုနေသည့် ကုန်းမြေများဖြစ်ကြောင်း သိရသည်။

“သူတို့က တောင်သူတွေ သဘောမတူတဲ့ကြားက မရရအောင် လုပ်သွားကြတယ်။ သူတို့ကြံခင်းလုပ်လိုက်တော့ ကျွန်မတို့ လယ်က အလယ်ကိုရောက်သွားတယ်။ သွားလာရလည်း အရမ်း ခက်ခဲနေတယ်။ ဒီနှစ်လယ်အလုပ်ခင် အမြန်ဖြေရှင်း ပေးစေလိုပါတယ်။ တဲတွေလည်း မီးရှို့ပေးလိုက်ကြတယ်”ဟု မလူလာရွာမှ တောင်သူ ဒေါ်အေးရီက ပြောသည်။

တောင်သူများသည် အဆိုပါလယ်မြေများကို ဘိုးဘွားများလက်ထက်မှ စပြီး ဓားမဦးချလုပ်ကိုင် စားသောက် နေထိုင်လာသည့် မြေများဖြစ်သော်လည်း ကြံစိုက်ပျိုးမည့် လုပ်ငန်းရှင် ၄ ဦးက ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်တွင် ငှားရမ်းခဲ့ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်း လုပ်ပိုင်ခွင့် လျှောက်ယူခဲ့ကြောင်း သိရသည်။

ထိုသို့ လျှောက်ယူပြီး ခွင့်ပြုချက်မရရှိဘဲ အထက်ပါလယ်ယာမြေနှင့် အနီးပတ်ဝန်းကျင်ကို စက်ယန္တရားများ၊လူအင်အားများဖြင့် တူးဆွထွန်ယက်ပြီး ခြံစည်းရိုးကာခြင်း၊ လယ်တဲများမီးရှို့ဖျက်ဆီးခြင်း၊ လယ်ကွင်းများပျက်စီးသွားခြင်း၊ လယ်ကွင်းအတွင်းအဝင်အထွက်လမ်းများပိတ်ယူခြင်း၊ လယ်ကွင်းနားရှိ သစ်ပင်များကို ခုတ်လှဲခြင်း၊ လယ်တဲအနီးတွင် အန္တရာယ်ရှိသော တွင်းနက်ကြီးတူးဖော်ထားခြင်း၊ တောင်သူများ စိုက်ပျိုးထားသော ကျွန်းပင်များ၊ ဝါးပင်များ၊ အခြားသီးပင်၊ စားပင်များကို ဖျက်ဆီးခြင်းများ ပြုလုပ်နေပြီးလယ်ယာမြေပတ်ဝန်းကျင်ရှိ ကုန်းမြေပေါ်တွင် လုပ်ကိုင်စားသောက်ရန်အခွင့်အရေးများ ဆုံးရှုံးသွားရခြင်းများကို တောင်သူများ ခံစားနေရကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာနေသည့် ဒေသခံ တောင်သူလယ်သမား ၁၃ ဦးက ဗန်းမော်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး၊ ပြည်နယ်ဝန်ကြီးချုပ်၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် နိုင်ငံတော်သမ္မတဦးဝင်းမြင့်တို့ထံ စာတင်တောင်းဆိုမှုများလည်း ပြုလုပ်ထားကြောင်း သိရသည်။ ■

မွန်းမွန်းပန်

# မြစ်ကြီးနားမြို့တွင်းရှိ စစ်ရှောင်စခန်းအချို့တွင်
# မြို့နယ်လဝကမှမှတ်ပုံတင်လိုက်လံဆောင်ရွက်ပေး



မေ ၃၁

မြစ်ကြီးနားမြို့နယ် အတွင်းရှိစစ်ရှောင်စခန်းများမှ မှတ်ပုံတင် မရရှိသေးသည့် အသက် ၁၀ နှစ်အထက် စစ်ရှောင် ကလေးများအတွက် သစ္စာစီမံချက်ဖြင့် မေ ၃၁ ရက်နေ့က နိုင်ငံသား စိစစ်ရေးကတ်ပြားများထုတ်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ထုတ်ပေးရာတွင် မြို့နယ်အတွင်း စစ်ရှောင်စခန်း ၂၀ ခုမှ စစ်ရှောင်ဦးရေ ၇၅၆ ဦးကို အခမဲ့ ထုတ်ပေးခဲ့သည်ဟု မြစ်ကြီးနားမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးဇော်ရာက ပြောသည်။

"စစ်ရှောင်တွေကတော့ သိတဲ့အတိုင်းပဲ။ လူမှုရေး၊ စီးပွားရေး၊ အကုန်လုံးကို အိုးပစ်အိမ်ပစ်နဲ့ နေလာရတယ်ဆိုတော့ မှတ်ပုံတင်မရှိဘူးဆိုရင် လုပ်ငန်းဆောင်ရွက်တာ သွားတာလာတာ အားလုံးအတွက် အဆင်မပြေဘူးဖြစ်တဲ့အတွက် ဒီမှတ်ပုံတင် ကတ်ပြားကို သစ္စာစီမံချက်နဲ့ ကွင်းဆင်းဆောင်ရွက်ခြင်း ဖြစ်ပါတယ်ခင်ဗျ"ဟု ဦးဇော်ရာက ရှင်းပြသည်။

ယင်းအပြင် စစ်ဘေးတိမ်းရှောင်ရင်း အိမ်ထောင်စု ပျောက်ဆုံးပျက်စီးသွားသူများနှင့် အသက် ၁၀ နှစ်ပြည့်လာမည့်ကလေးများကိုလည်းဆက်လက်ပြုလုပ်ပေးရန် အစီအစဉ်ရှိကြောင်း သိရသည်။

မြစ်ကြီးနားမြို့နယ်တွင် စစ်ရှောင်စခန်း ၂၄ ခု ရှိကြောင်းသိရပြီး ဧပြီလအတွင်းကလည်း စစ်ရှောင်စခန်း၃ခုမှစစ်ရှောင်ပြည်သူ ၂၀၅ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခဲ့ကာ ယခုပြုလုပ်သည့် မှတ်ပုံတင်ပေးအပ်ပွဲတွင် စစ်ရှောင် ၇၅၆ ဦးအပြင် ရပ်ကွက်ကျေးရွာများတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၁၉၀ ကတ်ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ ■

စည်သူ(မြစ်ကြီးနား)

စာ .. ၁၁ မြစ်ဆုံမှ »

ချင်တာက ဗြိတိသျှကိုလိုနီလက်အောက်က မလွတ်မြောက်ခဲ့ဘူးဆိုတာကိုပါ။ ဒါပေမဲ့ အခြေအနေပေးလာတဲ့အပေါ် အချိန်အခါကို တွက်ချက်တတ်တဲ့ မြန်မာ့အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ခေတ်မှာတော့ ဂျာမဏီနဲ့ အင်္ဂလန်ကစပြီး ဒုတိယကမ္ဘာစစ် ဖြစ်လာကြောင့် မြန်မာပြည်က အင်္ဂလိပ်စစ်သားမှန်သမျှ ဂျာမဏီစစ်မြေပြင်ကိုသွားပြီး စစ်မှုထမ်းရတာမို့ စစ်အင်အားယုတ်လျော့နေတဲ့ မြန်မာပြည်စစ်မြေပြင်ကို အင်္ဂလိပ်အခက်ဗမာ့အချက်ဆိုပြီး လပိုင်းနဲ့ တိုက်ထုတ် နိုင်ခဲ့ပါတယ်။ ပြောချင်တာက မြန်မာပြည်မှာ အင်္ဂလိပ်စစ်အင်အားလျော့နည်းနေတဲ့ အချိန်အခါဖြစ်နေကြောင့် အလွယ်တကူ တိုက်ထုတ်နိုင်တဲ့ သဘောကိုပါ။

နောက်ပြီး မြန်မာပြည်ကိုသိမ်းအပြီး လွတ်လပ်ရေးမပေးတဲ့ ဂျပန်ကို ပြန်တိုက်တဲ့အခါမှာလည်း ဂျာမဏီနဲ့ အီတလီ ကျဆုံးအပြီး ရောမ၊ ဘာလင်၊ တိုကျိုဝင်ရိုးတန်း မဟာမိတ်အဖွဲ့ဝင် ဂျပန်ကို အင်္ဂလိပ်၊အမေရိကန် မဟာမိတ်တွေပြန်တိုက်မတိုက်ဆိုတဲ့ အခြေအနေကို မြန်မာ့အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းက တွက်ချက်ပြီး မတ်လ(၂၇) ရက်ဆိုတဲ့ အချိန်အခါကို ရွေးချယ်ဆုံးဖြတ် တိုက်ခိုက်ခဲ့ပါတယ်။ ဒီနေရာမှာလည်း ပြောချင်တာက လေကြောင်းပစ်ကူတွေ ကြည်းတပ်တင့်ကားတွေကအစ အားနည်းနေသေးတဲ့ မြန်မာတပ်တွေဟာ အင်္ဂလိပ်၊ အမေရိကန် မဟာမိတ်တပ်တွေ ဂျပန်ကို ပြန်လည်တိုက်ခိုက်မယ့် အချိန်အခါကို စောင့်ပြီး ပါးပါးနပ်နပ်တွက်ချက် တိုက်ခိုက်ခဲ့လို့ အလွယ်တကူ အောင်မြင်ခဲ့တယ်ဆိုတာကိုပါ။

ဆိုတော့ မြစ်ဆုံစီမံကိန်း ထာဝရရပ်ဆိုင်းရေးအဆိုကို မြန်မာပြည်သူ ၉၉%(ရာခိုင်နှုန်း) လောက်က အပြည့်အဝ ထောက်ခံနေကြသလို ပြည်သူ့အစိုးရအနေနဲ့လည်း ဒီလောက် ဉာဏ်မနည်းဘူးလို့ သုံးသပ်ရမှာဖြစ်ပါတယ်။ တိုင်းပြည်အတွက် သေရေးရှင်ရေးတမျှ အရေးကြီးနေတဲ့ ၂၀၀၈ ဖွဲ့စည်းပုံကို ပြင်ဆင်ဖို့ အားထုတ်နေကြတဲ့ ပြည်သူ့အစိုးရနဲ့တကွ တိုင်းရင်းသားပါတီ ကိုယ်စားလှယ်အသီးသီးအတွက် ဝိုင်းဝန်းကြမယ့် ပြည်သူလူထုအာရုံထွေပြားစေမယ့် လုပ်ရပ်တိုင်းကို မလုပ်မိစေဖို့ အခြေအနေနဲ့ အချိန်အခါကို တွက်ချက်လုပ်ဆောင်သင့်တယ်ထင်ပါတယ်။ ဒါကြောင့် ပြည်သူ့အစိုးရနဲ့တကွ တိုင်းရင်းသားပါတီကိုယ်စားလှယ်တော်တွေအားလုံး တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ပြီး ဇူလိုင်လထဲမှာ တင်သွင်းမယ့် ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်ရေးသည်သာ အဓိကပြဿနာဖြစ်ပြီး အောင်အောင်မြင်မြင် ပြင်ဆင်နိုင်ခဲ့ရင် ပြည်သူလူထုဘဝ ပိုမိုလုံခြုံလာပြီး မျှော်လင့်ထားကြတဲ့ လိုအင်ဆန္ဒတွေ ပြည့်ဝလာနိုင်မှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ■







စာ .. ၉ တုတ်ထိုးအိုးပေါက် မှ »

တွက် ဆုံးဖြတ်ချက်မှန်မှာ ဖြစ်ပါတယ်။ ပညာဆိုတာ အသေး စိတ်သိတတ်တဲ့ ဉာဏ်ပါ။ အရာရာကို အသေးစိတ် သိနား လည်ကြရင် လူသားတွေရဲ့ဘဝအမှောင်ကို ပယ်ဖျောက်နိုင် ကြမှာ ဖြစ်ပါတယ်”တဲ့။

**တုတ်ထိုး** - ဒါနဲ့ ဦးရွှေမန်းကြီး ပါတီထောင်ပြီနော်။
**အိုးပေါက်** - ဟုတ်ပ့ါ။ ဦးဝင်းထိန်ကတော့ ဦးရွှေမန်းကို ပြောတယ်။ ‘သနားတယ်’တဲ့။

**တုတ်ထိုး** - ဟဲ့၊ သူ့ဘာသာပါတီထောင်တာ သူက ဘာ လို့ သနားနေတာတုန်း။
**အိုးပေါက်** - ဦးဝင်းထိန်တို့က အစကတည်းက လုပ်လာ ခဲ့တာ။ ပါတီတစ်ခု ထောင်တယ်ဆိုတာ ဘယ်လောက် တာဝန်ကြီးတယ် မှတ်လို့လဲတဲ့။ ပိုက်ဆံ ဘယ်လောက်ကုန် တယ် အောက်မေ့လို့လဲတဲ့။ အသက် ၄၀ ၊ ၅၀ လူတွေ လုပ်ရမယ့်ဥစ္စာ။ အခုက အသက် ၇၀ ကျော်က လုပ်နေ တာတဲ့။ အဲ့ဒါကြောင့် သနားတယ်တဲ့။

**တုတ်ထိုး** - ပိုက်ဆံရှိမှ ပါတီထောင်နိုင်မယ်ဆိုတဲ့ သဘော ပေ့ါ။ ဟဲ ဟဲ ဟဲ။ ဟိုကလည်း ပိုက်ဆံရှိလို့ထောင်တာနေမှာ ပေ့ါဗျာ။
**အိုးပေါက်** - 7 Day News မှာ ဦးဝင်းထိန်နဲ့ တွေ့ဆုံခြင်း မှာ ဖတ်လိုက်ရတယ်ဗျ။ အဲ့ဒီမှာ သူ ပြောထားတာ တစ်ခု ရှိတယ်။ “ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဘက်က လျှော့မှ သာလျှင် နိုင်ငံရေးအရ ပြေလည်မှု ရမယ်။ အခုလွှတ်တော် ထဲမှာ ဘာမဆိုအထိမခံ ဝုန်းဒိုင်း ထရပ်တဲ့ ကိစ္စတွေက ဒါ သူ့လက်ချက်ပဲ။ သူ မပြောဘဲနဲ့တော့ ဘယ်တော့မှ မလုပ်ဘူး။ အဲ့ဒါတွေ မလျှော့မချင်းတော့ နီးစပ်လာဖို့ မလွယ်ဘူးတဲ့။

**တုတ်ထိုး** - အစိုးရသစ်လည်း မလွယ်ပါဘူးဗျာ။ အရင် လူတွေ ချန်ရစ်ခဲ့တဲ့အမှိုက်တွေ ရှင်းရတာနဲ့၊တိုင်းပြည်ရေး ကိစ္စ၊ ငြိမ်းချမ်းရေးကိစ္စတွေ ကြားထဲ ခွေးကိစ္စတွေပါ စုပြုံရှင်း နေရတယ်။ ဒီကြားထဲ တရားဥပဒေ စိုးမိုးရေးကလည်း မျှော်နိုင်သမျှတော့ . . . . မျှော်ဦးနော် ဖြစ်နေတာ။
**အိုးပေါက်** - ဟုတ်ပ့ါဗျာ။ အစိုးရ ဖြုတ်ချရေးသပိတ်မှာ ဦးဆောင်ပါဝင်ခဲ့ပြီး ဖမ်းဝရမ်းထုတ်ခံခဲ့ရတဲ့ ဆရာတော် ဦးပညာဝံသကိုလည်း အခုထိ မမိသေးဘူး။ မိုက်ကယ်ကျော် မြင့်ဆိုတာလည်းမမိသေးဘူး။ ဦးဝီရသူကိုလည်းမမိသေးဘူး။

**တုတ်ထိုး** - ဦးဝီရသူကိုပုဒ်မ ၁၂၄ (က)နဲ့ တရားစွဲထား တယ်ဗျ။
**အိုးပေါက်** - ဖမ်းချင်တဲ့သူကိုကျတော့ ကွိခနဲမိအောင် ဖမ်း နိုင်ပါတယ်ဗျ။ ဥပမာ - ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ထောက်ခံကြောင်း ဟောပြောခဲ့တဲ့ ဦးနေမျိုးဇင် ကိုတော့ တပ်မတော်ဂုဏ်သိက္ခာကို ထိခိုက်တဲ့အသုံးအနှုန်း တွေ ပြောဆိုတယ်ဆိုပြီး ပုဒ်မ (၅၀၅)(က)(ခ)တို့နဲ့ တရားစွဲ ထားတယ်။

**တုတ်ထိုး** - ဒါကြောင့်နေမှာပေ့ါ။ ၈၈ မျိုးဆက်ငြိမ်းချမ်း ရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းက ဦးဂျင်မီက မီဒီယာတွေ ပေါ်မှာ ပြောထားတာ ရှိတယ်။ “ရဲတွေကနေပြီးတော့ ဖမ်း ချင်တဲ့သူကျတော့ အမြန်ဖမ်းတယ်။ ညဥ့်သန်းခေါင်ကြီးကို လည်း ဖြစ်ချင်ဖြစ်မယ်။ မဖမ်းချင်တဲ့သူကျလည်း လွှတ် ပေးထားတယ်”တဲ့ဗျာ။
**အိုးပေါက်** - ကိုင်း၊ ဖမ်းသင့် ဖမ်းထိုက်တဲ့ ပုဂ္ဂိုလ်တွေကို လည်း ဖမ်းမိကြပါစေ၊ လွှတ်သင့်လွှတ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေ လည်း လွတ်မြောက်ကြပါစေဗျာ။

**တုတ်ထိုး** - တရားဥပဒေစိုးမိုးရေးလည်း အသက်ရှင်ပါစေ။ ကိုလှရွှေတို့လည်း ကိုလှရွှေ ပီသပါစေကြောင်းပါခင်ဗျာ။ ॥

စာ .. ၈ မြစ်ကြီးနားခရိုင် မိုးကောင်းနယ်ပိုင် မှ »

သောင်းကျန်းမှု အရှိန် အဟုန် မြင့်တက်နေသဖြင့် လက်နက် ကိုင်ဆောင်ခွင့်ကို လည်း ရပ်ဆိုင်းထားချိန် ဖြစ် သည်။ နယ်ပိုင်ကြီးသည် ထို မျှ အလုပ်များသည့်ကြားထဲ မိတ်ဆွေများကိုလည်း ကျီ စယ်ချိန် ရသေးသည်။ မိတ် ဆွေတစ်ဦး နှစ်လုံးပြူးသေ နတ်ကိုင်နိုင်အောင် မြို့နယ် ဥက္ကဋ္ဌနှင့် နယ်ပိုင်ကြီးကပင် ထောက်ခံ ပေးလိုက်သည်။ ထိုမိတ်ဆွေကလည်း ကချင် တောင်သူလယ်မယား၏ ကျွဲ မကြီးကို ဆတ်အထင်နှင့် ပစ်ချလိုက်သည်။ “ငါ ချစ်ပို ကွ”ဟုပင် ကြုံးဝါးလိုက်သေး သည်။ ပိုင်ရှင်လင်မယား လည်း ပထမတွင် မားပြထင် ၍ တဲပေါ်မှ မဆင်းရဲသေး။ ထို့နောက် ကျွဲမကြီးအတွက် တစ်ထောင် လျော်ကြေး တောင်းတော့သည်။ သူကြီး ဝင်ဖြန်ဖြေသည့်အတွက် နှစ် ရာနှင့်ပင် ဈေးတည့်ခဲ့ကြ သည်။ ထိုကိစ္စကို သိသော နယ်ပိုင်ကြီးသည် “ဘယ့် နှယ့်လဲ၊ သေနတ်အသစ်ရ ပြီးမှ မစမ်းရသေးဘူးလား။ အသားလေးဘာလေး ရရင် ခင်ဗျားသေနတ် ရအောင် ကူညီတဲ့လူတွေကို မမေ့နဲ့ဦး နော်”ဟု လှမ်းကလိသည်။ ထိုမျှပင် အားမရဘဲ ကျွဲပိုင် ရှင် မောင်နှံကို သူကြီးနှင့် ပေါင်းကာ ငွေနှစ်ရာသာ လျော်ကြေး ပေးကြောင်း၊ သေနတ်ဖြင့်လည်း ခြိမ်း ခြောက်ကြောင်း၊ အမှန်တ ကယ် လျော်ကြေးငါးထောင် ပေးရမည်ဖြစ်ကြောင်း၊ ပြည် နယ်အုပ်ချုပ်သူ ဖြေရှင်းပေး ပါဟူ၍ ရေးကာ ပြည်နယ် ဥက္ကဋ္ဌထံ လိပ်မူ၍ စာပို့လိုက် လေသည်။

အကြောင်းသိသော ပြည် နယ်ဥက္ကဋ္ဌကလည်း သည် စာပါကိစ္စကို လာရောက်ဖြေ ရှင်းရန် ဦးချစ်ပိုကို ဆင့်ခေါ် ခဲ့သည်။ ဦးချစ်ပိုလည်း ရှူး ရှူးရှဲရှဲ ဖြစ်သွားသည်။ မိမိ နှစ်ရာ လျော်ပြီးကြောင်း၊ ငါး ထောင် မလျော်နိုင်ကြောင်း၊ တပည့်ဖြစ်သူက ဆရာ ဆတ် ကြီး ပစ်. . ပစ်ဟု ပြောတာ နဲ့ ပစ်လိုက်မိကြောင်း ရှင်းပြ လေသည်။ မြို့ပိုင်ကြီးတို့ လူစုလည်း ပြုံးရယ်ကာ ဦး ချစ်ပိုကို မြို့ထဲခေါ်သွား၍ လက်ဖက်ရည် တိုက်ခိုင်း သည်။ လက်ဖက်ရည်ဖိုးရှင်း ပြီးနောက်ပြည်နယ်ဥက္ကဋ္ဌက ဤဇာတ်လမ်းကို မြို့ပိုင်ကြီး ဇာတ်ညွှန်းရေးကြောင်းပြော ပြရာ “ခင်ဗျားတို့ တခြား နည်းလမ်းနဲ့များ နောက်စရာ မရှိဘူးလားဗျ။ ကျုပ်မှာ သည်ခေါ် စာရကတည်းက ၃ ရက်လောက် အိပ်မပျော် ဘူး။ လူကို ဆားမော်က တောင်ခေါ်ပြီး နောက်ရ တယ်လို့”ဟု ရှုံ့မဲ့မဲ့ဖြင့် ဆို လေသည်။

နယ်ပိုင်ကြီး ဦးမျိုးထွန်း သည် ထိုသို့ပျော်ပျော်ပါးပါး နိုင်ငံ့တာဝန် ထမ်းဆောင်နေ စဉ် သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဝန် ကြီးဌာနအတွင်း ဝန်ကလေး အဖြစ် တာဝန်ထမ်းဆောင် ရန် ရုံးမိန့်ကျလာခဲ့သည်။ ထို့ ကြောင့် မိသားစုနှင့်အတူ မြစ်ကြီးနား-မန္တလေး အစုန် ရထားဖြင့် ၁၉၆၇ ခုနှစ် ဩ ဂုတ်လ နောက်ဆုံးပတ်တွင် မိုးကောင်းမြေကို စွန့်ခွာခဲ့ လေသည်။ ဆားမော်ဘူတာ အရောက်တွင် မိတ်ဆွေဦး ချစ်ပိုကြီးက ကောက်ညှင်း ကျဉ်တောက်များနှင့် စောင့် နေသည်။ ကောက်ညှင်းကျဉ် တောက်များကို ပေးပြီး နောက် မျက်ရည်စို့စို့၊ ကွမ်း တမြုံ့မြုံ့နှင့် လက်ဝှေ့ရမ်း ကာ ကျန်ခဲ့ရှာသည်။ “ရထား ရိပ်ခနဲ မော်လူးဘူတာ ဖြတ် လေတော့ ကချင်ပြည်နယ် နယ်နိမိတ်ဖြင့် ဆုံပါပြီ။ ပြည်မစစ်ကိုင်းသို့ ဝင်လာ ပါပြီ။ မေခ-မလိခ ဆုံရာ ကချင်ပြည်နယ်ကို ကျွန် တော် နောက်ချန်ရစ်ခဲ့ပါပြီ။ နေရစ်တော့ ဂျိန်းဖော်တို့ နယ်မြေလို့သာ တိုးတိုးလေး နှုတ်ဆက်လိုက်ပါသည်” ဟု နယ်ပိုင်ကြီးက သူ၏ မိုးကျ ရွှေကိုယ်၏ ဘဝဇာလမ်းစုံ စာအုပ်တွင် မှတ်တမ်းတင်ခဲ့ လေသည်။ ■

ရည်ညွှန်း - မိုးကျရွှေကိုယ် ၏ဘဝဇာတ်လမ်းစုံ(မျိုးထွန်း)












# သင်ကားကိုအလှပဆုံးပြင်ဆင်လိုက်ပါ

လူကြီးမင်းတို့၏ အိမ်သုံးဇိမ်ခံကား (သို့မဟုတ်) အလုပ်သုံးကားများ၏ လှပမှုအတွက် စိတ်ညစ်နေပါသလား။ လူကြီးမင်းတို့၏ ကားအရောင်မှိန်၍ လှပမှုပျောက်ဆုံးနေပြီဆိုလျှင် Ocean ကားအလှဆင်ပစ္စည်းမျိုးစုံရောင်းဝယ်ရေးဆိုင်သို့လမ်းညွှန်ပါရစေ။ Oceanကားအလှဆင်ပစ္စည်းမျိုးစုံ ရောင်းဝယ်ရေးဆိုင်တွင်ကားမှန်၊ ကားထိုင်ခုံစွပ်၊ ကားလက်ကိုင်အစွပ်များသာမက အခြားသော ကားအလှဆင်ပစ္စည်းမျိုးစုံများကို အထူးလျှော့ဈေးဖြင့် ရောင်းချလျက်ရှိသည်။ ထို့အပြင် Oceanဆိုင်မှ ဝယ်ယူသည့် ကားရေမှုတ်၊ ကားဆက်(TV) ကဲ့သို့သော ပစ္စည်းများအတွက် အထူးအာမခံစနစ်များရှိပေသည်။ ထို့အပြင် တရုတ်ပြည်မကြီးမှ အရည်အသွေးမြင့်ကားအလှဆင်ပစ္စည်းများ သာမက ယိုးဒယားမှ အရည်သွေးမြင့် ကားအလှဆင်ပစ္စည်းများကို ပစ္စည်းမှန် ဈေးနှုန်းမှန်ဖြင့် လက်လီလက်ကား ရောင်းချလျက်ရှိပေသည်။ Ocean ကားအလှဆင်ပစ္စည်းဆိုင်မှ လက်ကားဝယ်ယူသည့်သူများအတွက် အထူးဝန်ဆောင်မှုအနေဖြင့် ဝယ်ယူပြီးသည့်ပစ္စည်းများကိုကားဂိတ်အရောက် အခမဲ့ပို့ဆောင်ပေးပါသည်။ ထို့အပြင်ကားအလှဆင်ပစ္စည်းများသာမက ကားစတေကာအလှဆင်ခြင်း စက်ပေါ်လစ်ဆွဲခြင်းနှင့် ကားအတွင်းခန်းလျှော်ခြင်း များကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ပြုလုပ်ပေးနေသည်။ Ocean ကားအလှဆင်ပစ္စည်းမျိုးစုံရောင်းဝယ်ရေးဆိုင်သည် ဒေသတွင်း Customer များရဲ့ အားပေးမှုဖြင့် အပြည့်အဝရရှိသည်ဖြစ်၍ လူကြီးမင်းတို့အတွက် စိတ်ကျေနပ်မှုကို အပြည့်အဝ ပေးစွမ်းနိုင်မှာသေချာပေသည်။







